# ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ အင်္ဂါနေ့၊ (16-10-2007) (၁၄၇၂)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
| --- | --- | --- |
| ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး | ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် တက်ညီလက်ညီ လျှောက်လှမ်းကြရန် နိုင်ငံတော်အစိုးရနှင့် ပြည်သူအားလုံးက သန္နိဋ္ဌာန်ချမှတ်ထား ပြည်တွင်းပြည်ပ အဖျက်သမားများ၏ လုပ်ရပ်များကို ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ဖြင့် အစဉ်သတိထား ကာကွယ်တားဆီး

ရန်ကုန် အောက်တိုဘာ ၁၅

**အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားကို အောက်တိုဘာ ၁၃ရက် နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း ရန်ကုန်မြို့ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ကွင်း၌ ရန်ကုန်တိုင်းမှ မြို့မိမြို့ဖများက ဦးစီး၍ ဥပဒေနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းအတွင်းရှိ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန် အနောက်ပိုင်းခရိုင်၊ ရန်ကုန် တောင်ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်တို့မှ မြို့မိမြို့ဖများ၊ အလုပ်သမားများနှင့် တောင်သူလယ်သမားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူထုလူတန်းစားအသီးသီးတို့မှ ပြည်သူများ စုစုပေါင်းအင်အား တစ်သိန်းနှစ်သောင်းကျော်တို့ အင်တိုက်အားတိုက် တစ်ခဲနက်တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နံနက် ၆နာရီမှ စတင်၍ စစ်ကြောင်းမှူး ဦးဇော်အောင် ဦးဆောင်သော အရှေ့ပိုင်းခရိုင်စစ်ကြောင်းသည် လေးထောင့်ကန်လမ်းနှင့် ဝေဇယန္တာလမ်းထောင့် စုရပ်မှလည်းကောင်း၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

**ရန်ကုန်တိုင်း ရန်ကုန်မြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်၍ အခမ်းအနားကို ရုပ်သိမ်းစဉ်။**

(သတင်းစဉ်)



## ဓမ္မန္တရာယ်လက်သစ်များနှင့် ကာလဝိပ္ပတ္တိ နိုင်ငံရေးအောက်လမ်းသမားများ

**လက်ရှိ သံဃာငယ်အချို့ လမ်းပေါ်ထွက်လာအောင် လုပ်ဆောင်ခဲ့မှုအပိုင်းတွေကို ပြန်လေ့လာကြည့်လိုက်ရင် သာသနာကို အရောင်ဆိုးခဲ့သူ သီလခါးကျိုး အတုအယောင် ဓမ္မန္တရာယ်လက်သစ်တွေနဲ့ ကာလဝိပ္ပတ္တိ နိုင်ငံရေးအောက်လမ်းသမားတွေဟာ ပြည်တွင်းက သံဃာငယ်တွေကို သူတို့လိုချင်တဲ့လမ်းကြောင်းပေါ် တက်လာစေရေးအတွက် ဝါဒဖြန့်နည်းလမ်း (Propaganda)ကို မသုံးဘဲ စည်းရုံးလှုံ့ဆော်တဲ့နည်း (Agitation) ကို စနစ်တကျ လုပ်ဆောင်ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။**

ဖိုးသူတော်ရေချမ်း၏ "**ဓမ္မန္တရာယ်လက်သစ်များနှင့် ကာလဝိပ္ပတ္တိ နိုင်ငံရေးအောက်လမ်းသမားများ**" (ဆောင်းပါး) စာမျက်နှာ−၈၊ ၉၊ ၁၀

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၆–၁၀–၂၀၀၇ (အင်္ဂါနေ့)

# ဒီမိုကရေစီ နိုင်ငံတော်သစ် ခရီးလမ်း သွက်လက်ညီညာ အားမာန်ပါပါ ဆက်လက်လျှောက်လှမ်း

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရက ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နိုင်ရေး အခြေခံအုတ်မြစ်များ ချမှတ်ဖော်ဆောင်ပေးနေသည်။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်း အခြေခံ၊ လူမှုဓလေ့စရိုက်နှင့်အညီ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပုံဖော်တည်ဆောက်လျက်ရှိသည်။

တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံပါဝင်သည့် အမျိုးသား ညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီဖြစ်သည်။ ယင်းအခြေခံမူများနှင့်အညီ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းလျက်ရှိသည်။

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုသည့် အခမ်းအနားများကို နိုင်ငံတစ်ဝန်းတွင် ကျင်းပလျက်ရှိရာ တိုင်းရင်းသားပြည်သူ ထောင်ပေါင်းများစွာတို့က တစ်ခဲနက် ထောက်ခံနေကြသည်။

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားကို အောက်တိုဘာလ ၁၂ ရက်နေ့က ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ အားကစားကွင်း၌ကျင်းပရာ သဘာပတိ မြို့မိမြို့ဖဟိုတယ်လုပ်ငန်းရှင် ဦးဝင်းမြင့်က**အမျိုးသားညီလာခံအောင်မြင်ပြီးမြောက်ခြင်းနှင့်အတူ နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏အကျိုးစီးပွားကို ထာဝရကာကွယ်စောင့်ရှောက်နိုင်မည့် အခြေခံမူများ၊ အခြေခံသဘောတရားများ၊ စိတ်စေတနာကောင်းများလည်း ဝေဆာထုံမွှမ်းလျက် ပေါ်ထွက်လာခဲ့ပြီဖြစ်၍ ယင်းအခြေခံမူများနှင့်အညီ လောကကို စောင့်ရှောက်နိုင်မည့် ခိုင်မာသည့် အခြေခံဥပဒေသစ်တစ်ခု ရေးဆွဲအောင်မြင်ပါစေကြောင်း ပြည်သူအပေါင်းက သောင်းသောင်းဖြဖြ ကြိုဆိုထောက်ခံကြပါစို့** ဟူ၍ တိုက်တွန်းပြောကြားသွားခဲ့သည်။

အမျိုးသားညီလာခံကြီး အောင်မြင်ပြီးစီးသွားခြင်းသည် ဒီမိုကရေစီခရီးလမ်းအတွက် တာထွက်သည့်ခြေလှမ်းကို စတင်လိုက်ခြင်းဖြစ်သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွင် သွက်လက်ညီညာအားမာန်ပါပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် တည်ငြိမ်အေးချမ်း ပန်းပေါင်းဝေဆာ သာယာဝပြောသော လူ့ဘောင်လောကသစ်ကြီး ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ ။

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)အမှတ်(၃၉)ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၅

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)အမှတ်(၃၉)တွင် ကွန်ပျူတာ 'အ'သုံးလုံး သင်တန်းအစီအစဉ်နှင့် တစ်နိုင်ငံလုံး ကွန်ပျူတာသုံးနိုင်အောင် ဆောင်ရွက်မည်၊ စံချိန်စံညွှန်းမီ ပြည်တွင်းစားသောက်ကုန် ထုတ်လုပ်သူများကို ဆုများချီးမြှင့်ရန် စီစဉ်နေ၊ နေပြည်တော် တည်ဆောက်ရေးလုပ်ငန်းများအတွက် ရန်ကုန်မြို့တော်စည်ပင်က ငွေကျပ်သုံးဘီလီယံ ပေးရသည်ဆိုသည်မှာ ကောလာဟလ တစ်ခုသာဖြစ်၊ လိုင်စင်မဲ့ စီးပွားဖြစ်အလှမွေးငါး မွေးမြူသူများကို အရေးယူနေပြီ၊ အူမကြီးကင်ဆာ အမျိုးသားများတွင် ပိုဖြစ်ကြောင်းတွေ့ရ၊ အွန်လိုင်းဒီဖောင် အခက်အခဲကြောင့် လေဆိပ်၌ပင် ဒီဖောင်ထုတ်ပေးနေစသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ 'လုပ်ငန်းနယ်ပယ်အားလုံးအတွက် အင်တာနက်'၊ 'ကမ္ဘာကြီးမှာ အကာအကွယ်မရှိတော့ဘူး' ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ကြိုတင် ထွက်ရှိလာပြီဖြစ်သည်။

'ဆာအဲလက်စ်ဖာဂူဆန်နဲ့ အနိုင်ဗျူဟာ' အားကစားဆောင်းပါးနှင့် အတူ ကမ္ဘာ့တစ်ပတ် ဆယ့်သုံးနှစ် လူ့ခွန်အားသက်သက်ဖြင့် ဖရန့်ဖို့စာအုပ်ပွဲတော်၊ ထွန်းသစ်စနိုင်ငံများ ဈေးကွက်သို့ မုခ်ဦးဖြစ်၊ ခြေနှင့်လက်ကို တုပ်နှောင်ထားသော ဆယ်နှစ်သမီး တစ်မိုင်ကျော် ရေကူးပြခဲ့၊ ဘင်္ဂလားဒေ့ရှ် ပြည်ပလုပ်သားများလက်ခံမှု မလေးရှားနိုင်ငံရပ်တန့်၊ ကိုယ့်သမီး မဟုတ်သမို့ ထိတ်လန့်တုန်လှုပ်စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

(သတင်းစဉ်)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ

## ရှမ်းပြည်နယ်(တောင်ပိုင်း)မိုးနဲမြို့နယ်၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၁၅

**နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLDပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်မှ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၁၂ ရက်တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ၎င်းတို့အား ဆန့်ကျင်သော ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲများ ကျင်းပခဲ့ကြသည်။**




**နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြ သွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး မိုးနဲမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။** (သတင်းစဉ်)

မိုးနဲမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ မိုးနဲမြို့ရှိ မြို့ပေါ်ရပ်ကွက်ငါးရပ်ကွက်နှင့် နောင်မြိုင်း၊ ဝမ်ပေး၊ နားခံ၊ မိုက်ဟိုင်း၊ ကွန်နား၊ လွိုင်ချို၊ ကာပာ၊ နောင်လိုင်၊ နမ့်မော်ဆွမ့် ကျေးရွာအုပ်စုများမှ ပြည်သူအင်အား ၁၃၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မိုးနဲမြို့ မြို့မအားကစားကွင်းမှ ပြည်ထောင်စုလမ်းမကြီး၊ ၎င်းမှ စံပယ်လမ်းနှင့် ဆက်သွယ်ရေး လမ်းဆုံမှ မောက်မယ်–မိုးနဲလမ်း၊ ၎င်းမှ ပြည်ထောင်စုလမ်းမကြီးအတိုင်း စနစ်တကျ လှည့်လည်ကာ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်ရမည်ဟူသော ကြွေးကြော်သံများကို ရှမ်း၊ မြန်မာ နှစ်ဘာသာဖြင့် သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ BBC, VOA, RFA လေလှိုင်းပေါ်က လူသတ်သမား သတိထား စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ လှည့်လည်ဆန္ဒ ဖော်ထုတ်ခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

## ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

# ဗြိတိန်လေဘာပါတီ ဝန်ကြီးချုပ်အပေါ် ပြည်သူထောက်ခံမှု လျော့နည်းလာ

လန်ဒန် အောက်တိုဘာ ၁၅

**ဗြိတိန်နိုင်ငံရှိ နိုင်ငံရေးပါတီများအပေါ် ပြည်သူများ၏ အမြင်သဘောထားဆန်းစစ်ချက်ကို အောက်တိုဘာ ၁၄ ရက်က ထုတ်ပြန်ရာ ကွန်ဆာဗေးတစ်များအပေါ် ပြည်သူများ၏ ကြိုက်နှစ်သက်မှု ပိုလာသည်ကို တွေ့ရသည်။**

**ဖိအားပေးခံနေရ**

ပြည်သူ့အမြင်သဘောထားသည် လက်ရှိအာဏာရ လေဘာပါတီအပေါ် လိုလားမှုလျော့နည်းသွားပြီး ၁၅ နှစ်အတွင်း ကွန်ဆာဗေးတစ်ပါတီအတွက် ထောက်ခံမှု အားအကောင်းဆုံးရရှိလာခြင်းပင်ဖြစ်သည်။

ထိုအခြေအနေကြောင့် ဝန်ကြီးချုပ်ဘရောင်းမှာ နိုင်ငံရေးအရ ဖိအားပေးမှုများ ပိုမိုခံနေရသည်။ ၎င်းအနေဖြင့် ဗြိတိန်နိုင်ငံကို မည်သည့်ပန်းတိုင်ဆီသို့ ဦးဆောင်ခေါ်သွားလိုသည်ကို ပြည်သူသိရှိလက်ခံလာအောင် ရှင်းလင်းလုပ်ဆောင်ပြရန် လိုအပ်နေသည်ဟု ဆိုသည်။

ယခု ပြည်သူ့သဘောထားလေ့လာချက်ကို ဆန်းဒေးတယ်လီဂရပ်သတင်းစာအတွက် အိုင်စီအမ်သဘောထားဆန်းစစ်ရေးအဖွဲ့က စစ်တမ်းကောက်ယူခဲ့သည်။ ကွန်ဆာဗေးတစ်များကို ပြည်သူလိုလားမှုမှာ ၄၃ ရာခိုင်နှုန်းရှိပြီး လေဘာပါတီအပေါ် ပြည်သူထောက်ခံမှုမှာ ၃၆ ရာခိုင်နှုန်းသာရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## အာဖဂန်တွင် ဗုံးပေါက်ကွဲ ဩစတြေးလျတပ်ဖွဲ့ဝင် သေဆုံး

**လက်ရှ်ကာဂါ(အာဖဂန်နစ္စတန်) အောက်တိုဘာ ၁၄**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် အောက်တိုဘာ ၁၁ ရက်က လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ဩစတြေးလျတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံ၌ ဩစတြေးလျ တပ်ဖွဲ့ဝင်သေဆုံးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဥရုဇဂန်ပြည်နယ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အခြားတပ်ဖွဲ့ဝင်တစ်ဦးမှာလည်း ဒဏ်ရာရရှိကြောင်း ဩစတြေးလျ ကာကွယ်ရေးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

၂၀၀၁ ခုနှစ်နောက်ပိုင်းတွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့က တာလီဘန်နှင့် အယ်လ်ခိုင်ဒါ စစ်သွေးကြွများကို ချေမှုန်းရန် အာဖဂန်နစ္စတန်နိုင်ငံတွင် စစ်ဆင်ရေးလုပ်ငန်းများ စတင်ခဲ့ချိန်နောက်ပိုင်း ယင်းနိုင်ငံသို့ တပ်ဖွဲ့ စေလွှတ်သည့် ပထမဆုံးနိုင်ငံများ၌ ဩစတြေးလျနိုင်ငံ ပါဝင်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

# တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲ ကျင်းပ

ရန်ကုန်　　အောက်တိုဘာ　　၁၅

**ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၉ တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရား ပရိဝုဏ်ရှိ ဓမ္မဗိမာန်တော်ကြီး၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။**

အခမ်းအနားသို့ သဃ်န်းကျွန်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များမှ ပဓာနနာယက ဆရာတော်ကြီးများနှင့် သီလရှင် စာသင်တိုက်များမှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စစ်ကိုင်း စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ထံ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီး သုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၉တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာ့ရေထွက်ပစ္စည်း ရောင်းဝယ်ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ စန္ဒီပရဆေးမိသားစု၊ သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်၊ မြို့နယ် ဆီကုန်သည်များအသင်းနှင့် ဘုတ်ဆုံမ ငရုတ်သီးမှုန့်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၃၇၀၀၀၀ စီ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် နှစ်သိန်း၊ ဦးဆန်းဝင်း–ဒေါ်သန္တာမိသားစု (နှင်းဆီလမ်း၊ ရန်ကုန်သစ်ရပ်ကွက်)က ငွေကျပ် သိန်း ၅၀၊ ဦးသန်းမောင်–ဒေါ်ခင်စိုးသူ (စစ်တောင်းရိပ်မွန်၊ ဒဂုံ/ဆိပ်ကမ်း)က ငွေကျပ် ၂၁ သိန်း၊ ဦးဝင်းနိုင်–ဒေါ်ခင်ခင်ယုံ (၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပ)က ငွေကျပ် ၁၅သိန်း၊ ဦးအောင်မြင့်–ဒေါ်တင်လှိုင် (တောင်ဥက္ကလာပ)နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဗိုလ်မှူးချုပ်စိုးတင့် (အငြိမ်းစား)–ဒေါ်စိုးစိုး(သုဝဏ္ဏ)က ငွေကျပ် ခုနစ်သိန်း၊ သီဟသုဓမ္မမဏိဇောတဓရ ဦးကိုကိုလတ်–ဒေါ်တင်တင်မေ (ကြည်သာရွှေဆိုင်နှင့် ခေတ်သစ်ရွှေဆိုင်)က ငွေကျပ် ၅၀၂၀၀၀၊ ဦးဝင်းမောင်–ဒေါ်သန်းသန်း (သုဝဏ္ဏ)၊ ဦးသိန်းဆွေ–ဒေါ်စန်းစန်းဝင်း (ဗိုလ်စိန်မှန်လမ်း၊ တာမွေ)၊ ဦးမြင့်စိုး–ဒေါ်ငွေငွေ (ဒဂုံမြို့သစ်မြောက်ပိုင်း)၊ ဦးအောင်နိုင်ထွန်း (Eagle Garden)နှင့် ဦးခင်မောင်ဝင်း (မန်နေဂျင်းဒါရိုက်တာ MSP ကုမ္ပဏီ)တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာကုမ္ပဏီ)က ငွေကျပ် ၃၇၀၀၀၀၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးခင်ဇော်–ဒေါ်ခင်ဆွေဦး (ကျားကိုးကောင် မော်တော်ယာဉ် ထုတ်လုပ်ရေး)၊ ဦးကျော်စိုးနိုင် (သဃ်န်းကျွန်း)နှင့် သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း–သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)တို့က ငွေကျပ်သုံးသိန်းစီ၊ မြို့နယ်ဆီကုန်သည်များအသင်းက ငွေကျပ် ၂၅၀၀၀၀၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများက ငွေကျပ် ၂၂၄၅၀၀၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း၊ ဦးကျော်စိုးဝင်း–ဒေါ်မိုးမိုးလွင် (KSW မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ သီရိသုဓမ္မ မဏိဇောတဓရ သမားတော်ကြီး ဦးဘိုကြီး–သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း (ပြည်လုံးချမ်းသာဆေးတိုက်)နှင့် အမှတ်(၁) စက်မှုဇုန် ဒဂုံမြို့သစ်တောင်ပိုင်း စီမံခန့်ခွဲရေးကော်မတီတို့က ငွေကျပ်နှစ်သိန်းစီ၊ မြို့နယ်အတွင်းရှိ စားသောက်ဆိုင်နှင့် KTV လုပ်ငန်းရှင်များက ငွေကျပ် ၁၈၃၀၀၀၊ မြို့နယ်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းရှင်များက ငွေကျပ် ၁၇၀၀၀၀၊ မြို့နယ်အတွင်းရှိ တည်းခိုခန်း လုပ်ငန်းရှင်များက ငွေကျပ် ၁၃၅၀၀၀၊ မြို့နယ်ပညာရေးမိသားစုက ငွေကျပ် ၁၁၅၀၀၀၊ မြို့နယ် ဆန်ကုန်သည်များအသင်းက ငွေကျပ် ၁၁၀၀၀၀၊ ဦးကျော်ကျော် (ဟုန်ရှင်ကုမ္ပဏီ)၊ ဦးကျော်စိန် (Gold Hotel)၊ ILBC မိသားစု၊ ဦးချစ်မွေး (သပြေညို အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးကြည်မောင် (ထွန်းသစ်စက်)၊ ဦးအောင်လင်း (မင်းထင်ပဲငံပြာရည်လုပ်ငန်း)၊ ဦးတင်လှ (Camel Co., Ltd.)၊ ဦးအောင်မြင့် (ဒဂုံတောင် စက်မှုဇုန်–၂)၊ ဦးထွန်းမြင့်–ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမငရုတ်သီးမှုန့်)၊ ဒေါ်လှလှ (လမ်းမတော်)၊ သုဓမ္မမဏိဇောတဓရ ဦးအောင်မွန်–ဒေါ်လှလှမော် (မြင့်မြတ် ဆန်စပါးရောင်းဝယ်ရေး)နှင့် အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်–အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်)တို့က ငွေကျပ် တစ်သိန်းစီ အပါအဝင် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူငွေ စုစုပေါင်း ငွေကျပ် ၂၀၂၀၆၅၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမင်းဇော်က တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

## ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် ပဓာနနာယက ဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တသုန္ဒရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၄၀၄ အိတ် ၁၂ ပြည်၊ ဆီ ၁၈၂၈ ပိဿာ ၈၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၂၉၈၈ ပိဿာ၊ သွားတိုက်ဆားဘူး ၅၉၈ဘူး၊ ဆေးမျိုးစုံ ၄၄၉ ဘူး၊ ပဲ ၅၉၇ ပိဿာ ၆၀ ကျပ်သား၊ ငရုတ်သီးမှုန့် ၄၅၀ ထုပ်နှင့် ဆွမ်းပဒေသာပင် အလှူငွေ စုစုပေါင်း ငွေကျပ် ၂၀၂၀၆၅၀၀ ဖြစ်သည်။

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၆၆ တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ပရိယတ္တိ အလယ်တိုက်ကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များမှ ပဓာနနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘဒ္ဒန္တနန္ဒဇေထံမှ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဆရာတော်ထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ တိုင်းမှူးနှင့် တပ်မတော် အရာရှိကြီးများ၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီး သုံးဦးတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာ့ရေထွက်ပစ္စည်း ရောင်းဝယ်ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ အာရှကြီးပွား တိုးတက်ရေးကုမ္ပဏီ၊ စန္ဒီပရဆေး မိသားစု၊ အိုကေဆန်ပွဲရုံ၊ ဖွံ့ဖြိုးအောင် ဆောက်လုပ်ရေး၊ ညောင်ပင်လေးပလာဇာ (အေ+ဘီဆောင်)၊ ရွှေပဲဆီသန့်၊ Noble မြေပဲဆီ၊ နီလေးနိုင် မြန်မာဇာမဏီ ကုမ္ပဏီ၊ ကျော်တိုင်းရင်းဆေး၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်၊ မြတ်မေတ္တာဆေးခန်း၊ ဦးမောင်ရှိန်၊ KTM အအေးဆိုင်၊ စိတ်ကြိုက်မိတ္တူနှင့် မှန်ချိုဆေးတိုက်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုက ငွေကျပ်တစ်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ လမ်းမတော်မြို့နယ် အတွင်းရှိ ပြည်သူများ လှူဒါန်းငွေကျပ် ၇၈၈၅၀၀၊ High Tech Concrete Technology Co., Ltd. က ငွေကျပ် ၆၅၀၀၀၀၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် မောင်ဝိတ်မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ဦးရဲအောင်–ဒေါ်လဲ့လဲ့ဝင်း၊ သိရိကုဋေကြွယ် ကုမ္ပဏီလီမိတက်က ငွေကျပ် ၄၀၄၀၀၀၊ လမ်းမတော်မြို့နယ် စားအုန်းဆီ ကိုယ်စားလှယ်များက ငွေကျပ်လေးသိန်း၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ် ၃၀၇၀၀၀၊ ဦးဝင်းသိန်းမိသားစု (ဖွံ့ဖြိုးအောင် ဆောက်လုပ်ရေး) ကုမ္ပဏီလီမိတက်နှင့် ဒေါက်တာ မောင်မောင်ဦး (Asia Express Co., Ltd.)တို့က ငွေကျပ် သုံးသိန်းစီ၊ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း သံဃဒါန ဆွမ်းလောင်းအသင်း၊ သီရိသုဓမ္မမဏိဇောတဓရ သမားတော်ကြီးဦးဘိုကြီး – သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း (ပြည်လုံးချမ်းသာဆေးတိုက်)၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ မိခင်ကြီး ဒေါ်ခင်နွဲ့ရီအား အမှူးထား၍ သား ဦးတင်စိုးလင်း၊ သမီး ဒေါ်ပွင့်မာခိုင် (ရွှေပုဇွန်မိသားစု)၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်–အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်)၊ ဒေါ်လှလှ

**စာမျက်နှာ ၁၀ ကော်လံ ၃ သို့** *

# အမေရိကန်လက်ပါးစေ လူနည်းစုရဲ့ဆန္ဒကိုသာ ထုတ်လွှင့်နေပြီး ပြည်နယ်နှင့်တိုင်းအသီးသီးက ပြည်သူများ၏ အစစ်အမှန်ဆန္ဒ ဖော်ထုတ်နေသည်များကို မကောင်းမြင်ရှုထောင့်ဖြင့် ဝေဖန်ခြင်းများကိုကြည့်လျှင် BBC,VOA,RFA,DVB တို့၏ ကောက်ကျစ်သည့်စရိုက်ကို အထင်းသားမြင်ရ

☆ ရှေ့ဖုံးမှ

စစ်ကြောင်းမှူး ဦးလွင်ဦး ဦးဆောင်သော တောင်ပိုင်းခရိုင် စစ်ကြောင်းသည် သံသုမာလမ်းနှင့် ဝေဇယန္တာ လမ်းထောင့်စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး ဦးနေဝင်း ဦးဆောင်သော အနောက်ပိုင်းခရိုင် စစ်ကြောင်းသည် သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး ဦးကျော်တင့် ဦးဆောင်သော မြောက်ပိုင်းခရိုင်စစ်ကြောင်းသည် လေးထောင့်ကန်လမ်းနှင့် ဝေဇယန္တာလမ်းထောင့် စုရပ်မှလည်းကောင်း အခမ်းအနား ကျင်းပမည့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ကွင်းအတွင်းသို့ စစ်ကြောင်းပုံဖြင့် စနစ်တကျ ချီတက်၍ သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထွန်းခင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်လှိုင်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဌာနမှူး ဒေါ်စန်းစန်းရည်၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးသိန်းနိုင်(အငြိမ်းစား)၊ မြို့မိမြို့ဖများဖြစ်ကြသော မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာစောလှထွန်းနှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ခင်သဇင်မြင့်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အိမွန်စိုးက တွဲဖက်အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များသည် စင်မြင့်ပေါ်၌ နေရာယူကြပြီး အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်အရ အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာကာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်း ဦးဆောင်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထွန်းခင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး ကျင်းပနိုင်ရေးအတွက် ဦးဆောင်ကျင်းပရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ ရွေးချယ်ခံ ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံ ကိုယ်စားလှယ်များ ပါဝင်သော အမျိုးသားညီလာခံ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ပြီး အမျိုးသားညီလာခံကြီးကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားရေး၊ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်ရေးဆိုသည့် ဦးတည်ချက်(၆)ရပ်ဖြင့် ကျင်းပခဲ့ကြောင်း။

**ယခုအခါ အဆိုပါ ဦးတည်ချက်များနှင့်အညီ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ ကိုယ်စားလှယ်များက တညီတညွတ်တည်း ချမှတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုချမှတ်ပေးခဲ့သည့် အခြေခံမူများသည် နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးကို အခြေခံထားပြီး ချမှတ်သည့် အခြေခံမူများဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ ပကတိ အရှိတရားပေါ် အခြေခံပြီး တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးကို အထူးတလည် ပေးအပ်ထားသည့်အတွက် ၁၉၄၇ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေများထက် ပိုပြီး ခိုင်မာပြည့်စုံကြောင်း။**

အမျိုးသားညီလာခံကြီးကို ဦးဆောင်ကျင်းပရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံ ကိုယ်စားလှယ်များပါဝင်သော ကိုယ်စားလှယ်များက ညှိနှိုင်းတင်ပြချက်အရ လုပ်ငန်းများဆောင်ရွက်နိုင်စေရန် နိုင်ငံတော်က လိုအပ်သည့်အမိန့်များ ထုတ်ပြန်ပေးခဲ့ကြောင်း။

အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ် ဇန်နဝါရီ ၉ရက်တွင် စတင်ကျင်းပခဲ့ကြောင်း၊ စတင်ကျင်းပသည့် အမျိုးသားညီလာခံသို့ တက်ရောက်ရန် တရားဝင်တည်ရှိနေသော နိုင်ငံရေးပါတီ(၁၀)ခုမှ ၎င်းတို့ ရွေးချယ်ပေးထားသည့် အမည်စာရင်းအတိုင်း ကိုယ်စားလှယ် ၄၉ဦးကို ဖိတ်ကြားခဲ့ကြောင်း၊ သက်ဆိုင်ရာပါတီများက ရွေးကောက်ပွဲတွင် အရွေးချယ်ခံရသည့် ကိုယ်စားလှယ်များအနက် တရားဝင်တည်ရှိသော နိုင်ငံရေးပါတီ(၆)ခုမှ ရွေးချယ်ပေးသည့် အမည်စာရင်းအတိုင်း ကိုယ်စားလှယ် ၉၉ဦးနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ရှစ်ဦးကို ဖိတ်ကြားခဲ့ကြောင်း၊ အမျိုးသားညီလာခံ အစုအဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ် စုစုပေါင်း ၇၀၂ဦးကို ဖိတ်ကြားခဲ့ကြောင်း။

အမျိုးသားညီလာခံကြီး ကျင်းပနေစဉ် ၁၉၉၅ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များသည် အမျိုးသား ညီလာခံအပေါ် အဆိုးမြင်အယူအဆများဖြင့် စွပ်စွဲဝေဖန်ပုတ်ခတ်ထားသည့် စာကို အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင်ထံ ပေးပို့ခဲ့ကြောင်း၊ ၎င်းတို့၏ ဝေဖန်စာအပေါ်

## သဘာပတိ အဖွဲ့ဝင်များ




**ရန်ကုန်တိုင်း ရန်ကုန်မြို့ အမျိုးသား ညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားတွင် သဘာပတိနှင့် သဘာပတိ အဖွဲ့ဝင်များအား တွေ့ရစဉ်။** (သတင်းစဉ်)



**အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားကို ရန်ကုန်တိုင်း ရန်ကုန်မြို့ရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ကွင်း၌ ကျင်းပရာ သဘာပတိ ရန်ကုန် တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက သဘောထား ပြန်ကြားရန် အကျပ်ကိုင်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တွေ့ဆုံဆွေးနွေးရေးကိစ္စကို အဓိကအကြောင်းပြုပြီး ၎င်းတို့၏ ကိုယ်စားလှယ်များ ညီလာခံသို့ ဆက်လက်တက်ရောက်မည် မဟုတ်ကြောင်း ဖော်ပြပြီး ညီလာခံကို ကျောခိုင်းထွက်ခွာသွားခဲ့ကြကြောင်း၊ ထို့ကြောင့်လည်း အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်က ညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၈၆ဦးအား ၁၉၉၅ခုနှစ်၊ နိုဝင်ဘာ ၃၀ရက်တွင် ညီလာခံကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းလိုက်ရကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးဆိုသည့် ရည်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ ၂၀၀၃ခုနှစ် ဩဂုတ် ၃၀ ရက်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ၂၀၀၄ခုနှစ် မေ ၁၇ရက်တွင် အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခဲ့ရာ အစုအဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ် စုစုပေါင်း တစ်ထောင်ကျော် ပါဝင်တက်ရောက်ခဲ့ကြကြောင်း။

ယခင် အမျိုးသားညီလာခံကြီး ယာယီမရပ်ဆိုင်းမီ တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်အရေအတွက်ထက် ပိုမိုများပြားသည့်ကဏ္ဍစုံ၊ အလွှာစုံ၊ လူတန်းစားစုံ၊ နယ်မြေဒေသစုံကို ကိုယ်စားပြုသော ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း၊ အမျိုးသားညီလာခံကြီးတွင် အနာဂတ်မြန်မာနိုင်ငံတော်၏ ပုံသဏ္ဌာန်ကို ဖော်ဆောင်ရန် ကိုယ်စားလှယ်ကြီးများအားလုံးက စေတနာသဘောထားမှန်များဖြင့် ဆွေးနွေးတိုင်ပင် ဆုံးဖြတ်ခဲ့ကြကြောင်း၊ ထို့ကြောင့်လည်း အမျိုးသားညီလာခံကြီးက အနာဂတ်တွင် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေအတွက် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့် မူများကို ဆုံးဖြတ်ချမှတ်နိုင်ခဲ့ပြီး ၂၀၀၇ခုနှစ် စက်တင်ဘာလ ၃ ရက်တွင် သမိုင်းဝင် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ယခုကဲ့သို့ ကျင်းပပြီးစီးခြင်းအပေါ် အမေရိကန်နှင့် ၎င်း၏နောက်လိုက်နယ်ချဲ့ နိုင်ငံတချို့နှင့် ပြည်တွင်းက အာဏာငန်းဖမ်းခံထားရသော NLD နှင့် ၈၈မျိုးဆက်ကျောင်းသားတစ်စုတို့ ပြင်းထန်စွာ နာကြည်းခံစားနေကြရကြောင်း၊ ၎င်းတို့က နည်းမျိုးစုံသုံး၍ ဖျက်သည့်တိုင် ပြည်သူတို့၏ ထောက်ခံမှုရနေသည့် အမျိုးသားညီလာခံကြီးက အောင်ပွဲဆင်လိုက်၍ အခဲမကြေဖြစ်ကြောင်း၊ ညီလာခံကြီးက အတည်ပြုပေးလိုက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လုံးဝမလိုလားကြသည့်အတွက် ပြည်တွင်း ဆူပူမှုများဖြစ်ပြီး လူထုလမ်းပေါ်ထွက် ဆန္ဒပြလာအောင် ဘာသာ၊ သာသနာကို ခုတုံးလုပ်ပြီး နိုင်ငံရေးအမြတ်ထုတ်ခဲ့ကြောင်း၊ သံဃာအချို့ကို အသုံးချပြီး ငြိမ်းချမ်းစွာဖြင့် လှည့်လည်မေတ္တာပို့သည်ဆိုပြီး နိုင်ငံရေးတောင်းဆိုမှုများ ဟစ်အော်တောင်းဆိုပြီး တည်ငြိမ်အေးချမ်းမှု ပျက်စီးအောင် ဖန်တီးလှုံ့ဆော်ခဲ့ကြကြောင်း၊ ပြည်တွင်း ပြည်ပ အဖျက်သမားများအနေဖြင့် ကောက်ကျစ်ဆိုးညစ်သည့် BBC, VOA, RFA, DVB အသံလွှင့်ဌာနများနှင့် ချိတ်ဆက်ပြီး မဟုတ်မမှန် ဖန်တီးလှုံ့ဆော် သွေးထိုးမှုများ၊ ဆူပူမှုများ ဆောင်ရွက်ရန်အတွက် နှတ်ကြောင်းပေးပြီး စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးမှုများကို နေ့စဉ် အချိန်တိုးမြှင့် ဆောင်ရွက်ပေးနေကြောင်း၊ အလားတူ CNN ကလည်း အချိန်ပြည့်ထုတ်လွှင့်ပြီး လူထုဆူပူအုံကြွအောင် သွေးထိုးလှုံ့ဆော်ပေးနေကြောင်း၊ ပြည်ပ အသံလွှင့်ဌာနများအနေဖြင့် တပ်မတော်အစိုးရကို ဆန့်ကျင်သူများအား တကူးတက ရှာဖွေ၊ ရွေးချယ်၊ ဇာတ်တိုက်၊ လုပ်ကြံဖန်တီး၊ ထုတ်လွှင့်ပြီး တပ်မတော်အတွင်း သွေးခွဲရေး၊ တပ်မတော်နှင့် ပြည်သူများအကြား သွေးခွဲရေး ဖန်တီးလှုံ့ဆော်မှုများဖြင့် လူထု ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ဆောင်နေသည်ကို တွေ့ရကြောင်း၊ အမေရိကန်လက်ပါးစေ ဆန့်ကျင်သူ လူနည်းစု၏ သဘောဆန္ဒကိုသာ ထုတ်လွှင့်နေပြီး ပြည်နယ်နှင့်တိုင်းအသီးသီးက မိမိတို့ တိုင်းရင်းသားပြည်သူများ၏ အစစ်အမှန်ဆန္ဒဖော်ထုတ်ပြနေသည်များကိုမူ မသိကျိုးကျွံ ပြုပြီး မကောင်းသည့်အမြင် ရှုထောင့်ဖြင့်သာ ဝေဖန်ပြောဆိုခြင်းများကို ကြည့်လျှင် BBC, VOA, RFA, DVB အသံလွှင့်ဌာနများ၏ ကောက်ကျစ်ဆိုးညစ်သည့် စရိုက်ကို အထင်းသား မြင်ကြရမှာဖြစ်ကြောင်း၊ ယင်းအသံလွှင့်ဌာနများ၏ မဟုတ်မမှန် ဖန်တီးလှုံ့ဆော် သွေးထိုးမှုကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အမှားအမှန် ဆင်ခြင်ပြီး နားမယောင်ကြရန် အရေးကြီးကြောင်း။

ယခုကဲ့သို့ ဖျက်ဆီးနှောင့်ယှက်မှုများသည် ကျင်းပပြီးစီးခဲ့သော အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့် မူများနှင့် အညီ ထွက်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မိမိနိုင်ငံ၏ ကံကြမ္မာကို မိမိသာ ဖန်တီးနိုင်ခွင့်နှင့် အခြားတိုင်းတစ်ပါးမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်စေရန် ပြဋ္ဌာန်းထားချက်များ ပါဝင်နေသည့်အတွက်လည်း ဗိုလ်ကျစိုးမိုးလိုသော ပြည်ပနိုင်ငံကြီးတချို့က ပြည်တွင်းအဖျက်သမားများနှင့် ပူးပေါင်းကာ ယခုကဲ့သို့ နှောင့်ယှက်ဖျက်ဆီးနေကြခြင်း ဖြစ်ကြောင်း။

မိမိတို့ တိုင်းရင်းသားပြည်သူများ ရည်မှန်းသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် တက်ညီလက်ညီ လျှောက်လှမ်းကြရန် နိုင်ငံတော်အစိုးရနှင့်အတူ မိမိတို့ တိုင်းရင်းသားပြည်သူအားလုံးက ပြတ်ပြတ်သားသား သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ရည်မှန်းချက်ပန်းတိုင်ကို ဖျက်လိုဖျက်ဆီးလုပ်သည့် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ လုပ်ရပ်များကို စစ်မှန်သော ပြည်ထောင်စုမျိုးချစ် စိတ်ဓာတ်အခြေခံဖြင့် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ➪




**ရန်ကုန်တိုင်း ရန်ကုန်မြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ခင်သဇင်မြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဒေါ်အိမွန်စိုးတို့ ဆောင်ရွက်ကြစဉ်။**(သတင်းစဉ်)

# ပြည်တွင်းပြည်ပ အဖျက်သမားများသည် ဒီမိုကရေစီကိုဖန်းပြပြီး လက်တွေ့ဒီမိုကရေစီဖြစ်ထွန်းပေါ်ပေါက်ရေးကို ဟန့်တားနှောင့်ယှက်နေသူများသာဖြစ်



ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက် ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦး ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၄ မှ

အစဉ်သတိထား ကာကွယ်တားဆီးနေကြရန်နှင့် အမျိုးသားညီလာခံကြီးနှင့် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးအား ထောက်ခံ ကြိုဆိုကြရမည် ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ခရမ်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦးက ပြည်တွင်းပြည်ပအဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်း အဆိုကိုတင်သွင်းရာတွင် အောင်မြင်စွာပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးတွင် မြန်မာနိုင်ငံအတွင်း ဒေသစုံ၊ ပြည်နယ်စုံမှ တိုင်းရင်းသားစုံကိုယ်စားလှယ်များ၊ လူထုလူတန်းစားအလွှာစုံမှ တိုင်းရင်းသားကိုယ်စားလှယ်များပါဝင်သည့် အစုအဖွဲ့ရှစ်ဖွဲ့က ကိုယ်စားလှယ်စုစုပေါင်း တစ်ထောင်ကျော်တို့သည် အတိတ်သမိုင်းသင်ခန်းစာများနှင့် ပစ္စုပ္ပန်အခြေအနေအရပ်ရပ်ကို ထောက်ရှုပြီး အနာဂတ်အရေးတွေးတောမြော်မြင်ကာ အတွေးအခေါ် အယူအဆအမျိုးမျိုး၊ အမြင်အမျိုးမျိုးရှိကြသော်လည်း ပြည်ထောင်စုကြီးအကျိုးကို ဦးထိပ်ထားပြီး အပြန်ပြန်အလှန်လှန် ညှိနှိုင်းဆွေးနွေးတိုင်ပင်ခဲ့၍ အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို သဘောတူချမှတ် မော်ကွန်းတင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး အခြေခံဥပဒေရေးဆွဲပြီးသည့်အခါ ပြည်သူများထံချပြပြီး ပြည်သူ့ဆန္ဒခံယူ အတည်ပြုမည်ဖြစ်၍ ဒီမိုကရေစီနည်းစနစ်အကျဆုံး၊ ကိုယ်စားပြုမှု အကျယ်ပြန့်ဆုံးအခြေခံဥပဒေကြီး ဖြစ်လာမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် အခြေခံမူများသည် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်းခြားကျင့်သုံးရာတွင်လည်းကောင်း၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရာတွင်လည်းကောင်း၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးများပြည့်စုံစေရာတွင်လည်းကောင်း စံပြုထိုက်သည့် အခြေခံမူများဖြစ်ကြောင်း၊ ယခင်ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် နှိုင်းစာကြည့်လျှင် ယခုအမျိုးသားညီလာခံက ရေးဆွဲချမှတ်ပေးခဲ့သော အခြေခံမူများသည် တိုင်းရင်းသားများ၏ အခွင့်အရေးကို မြန်မာနိုင်ငံ၏ ပကတိအရှိတရားပေါ်တွင် အခြေခံပြီး အထူးတလည်ပေးအပ်ထားသည်ကို ထင်ရှားစွာတွေ့နိုင်ကြောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ကချင်၊ ကယား၊ ကရင်နီနှင့် ရှမ်းစသော ပြည်နယ်(၄)ပြည်နယ်ဖြင့်သာ ဖွဲ့စည်းပေးထားပြီး ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ချင်း၊ မွန်နှင့် ရခိုင်တိုင်းရင်းသားများကိုပါ ပြည်နယ်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယခုချမှတ်ထားသည့် အခြေခံမူများတွင် အနာဂတ်နိုင်ငံတော်ကို တိုင်းဒေသကြီး(၇)ခု၊ ပြည်နယ်(၇)ခု အပြင် ‘ဝ’ တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခု၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်နှင့် ကိုးကန့်စသည့် တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(၅)ခုတို့ဖြင့် ဖွဲ့စည်းသွားမည်ကို အတိအလင်း တွေ့ရကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများအတွင်းတွင်နေထိုင်သော ကျန်တိုင်းရင်းသားများသည်လည်း လူဦးရေ အနည်းဆုံးတစ်သောင်းနှင့်အထက်ရှိသည့် တိုင်းရင်းသားမှန်သမျှ၏ အခွင့်အရေးကိုပင် မမေ့မလျော့ မကျန်မလပ်ရအောင် ပြည့်ပြည့်စုံစုံ ချမှတ်ထားသည့် အခြေခံမူများဖြစ်၍ မိမိတို့တိုင်းရင်းသားပြည်သူအားလုံးက ကြိုဆိုထောက်ခံကြရမည်ဖြစ်ကြောင်း။

စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အကောင်းဆုံး၊ အခိုင်မာဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူများကို အောင်မြင်စွာချမှတ်နိုင်ခဲ့ပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ကို အောင်မြင်စွာ အကောင်အထည်ဖော်နေချိန်တွင် အမျိုးသားရေး အကျိုးစီးပွားကို အလေးအနက်မထားသည့် ကိုလိုနီနယ်ချဲ့လက်သစ်များက မြန်မာနိုင်ငံသား ပြည်သူများ စီးပွားရေးကျဆင်းကျပ်တည်းအောင် ဖိအားပေးပြီး လူထုဆူပူအုံကြွမှုများဖြစ်ပေါ်လာအောင် နိုင်ငံရေး၊ စီးပွားရေးအရ ပိတ်ဆို့ ဖိအားပေးမှုများကို ဒီမိုကရေစီလူပ်ရှားမှုအသွင်ဖြင့် အနောက်နိုင်ငံကြီးတချို့၏ တစ်ဖက်သတ်ထောက်ခံအားပေးမှုများကိုရယူပြီး နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ကို ပျက်စီးသွားအောင် အလုံးစုံပျက်သုဉ်းရေးကို နည်းလမ်းအသွယ်သွယ်ဖြင့် လုပ်ဆောင်ခဲ့ကြသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရကြောင်း။

ထို့ကြောင့် မကြာခင်က ဖြစ်ပွားခဲ့သည့် ဆူပူဆန္ဒပြမှုများသည် အမှန်စင်စစ် ပြည်ပနယ်ချဲ့ လက်သစ်ဝါဒီများနှင့် ပုဆိန်ရိုးတို့၏ လုပ်ကြံဖန်တီးမှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက စက်သုံးဆီဈေးနှုန်းကို မလွှဲမရှောင်သာ တိုးမြှင့်သတ်မှတ်လိုက်ရသည့်အခါ စက်သုံးဆီဈေးနှုန်းတက်မှုသည် ကြီးကြီးမားမား ထိခိုက်စေသော ပြဿနာမဟုတ်သော်လည်း အဖျက်သမားများဖြစ်သည့် (၈၈)တိုင်းဆူပြည်ဖျက် မျိုးဆက်ကျောင်းသားအမည်ခံဆိုသူတို့က တစ်စခန်းထခဲ့ကြောင်း၊ NLD ထိပ်ပိုင်းကလည်း ဆီဈေးကြီးမြင့်မှုအပေါ် သဘောထား ကြေညာချက်ထုတ်ပြီး မီးလောင်ရာလေပင့်ခဲ့ကြောင်း၊ ပြည်ပအခြေစိုက် အသံလွှင့်ဌာနများဖြစ်သည့် VOA,RFA,BBC နှင့် DVB အသံလွှင့် ဌာနတို့ကလည်း နေ့စဉ်ပုံကြီးချဲ့ပြီး မိုးလုံးပြည့်မုသာဝါဒများဖြင့် မြန်မာနိုင်ငံ ပျက်စီးရာပျက်စီးကြောင်း လူထုအုံကြွမှုဖြစ်အောင် လိမ်ညာဖန်တီး ထုတ်လွှင့်ပေးနေကြကြောင်း။

အဖျက်သမားအုပ်စုအနေဖြင့် လူထုလမ်းမပေါ်ဆင်းလာရေး ကြိုးပမ်းမှုများ မအောင်မြင်သည့်အခါ ရဟန်း၊ သံဃာငယ်အချို့အတွင်း ပျံ့ဝင်ထိုးဖောက်ဝင်ရောက်ပြီး သံဃာတော်အချို့ကို ခုတုံးလုပ်ကာ မင်းမဲ့စရိုက်လှုပ်ရှားမှုကြီးကို ဖန်တီးပေးခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့ တိုင်းရင်းသားပြည်သူများသည် အမေရိကန်ဩဇာခံ ပြည်တွင်းအဖျက်သမားအုပ်စု၏ လုပ်ရပ်များနှင့် ၎င်းတို့၏ မဟာမိတ်များဖြစ်သော BBC ညာနေတာတွေ၊ VOA လိမ်နေတာတွေ၊ RFA ရန်တိုက်ပေးနေတာတွေ၊ DVB မြှောက်ထိုးပင့်ကော် လုပ်ပေးနေတာတွေကို တည်ငြိမ်မှုကိုလိုလားသည့်၊ အေးချမ်းမှုကိုနှစ်သက်သည့် မိမိတို့တိုင်းရင်းသားပြည်သူများကသည်းမခံနိုင်အောင် စက်ဆုပ်ရွံမုန်းနေကြကြောင်း၊ မိမိတို့အားလုံး အပြုသဘောဖြင့် နိုင်ငံတော်ကြီးကို တည်ဆောက်နေသည့်အချိန် အမျိုးသားညီလာခံကျင်းပနေစဉ် ကာလတွင်လည်း ညီလာခံကြီးကိုပျက်အောင်၊ ညီလာခံကြီးပြီးလျှင်လည်း ပြည်သူ့ ကိုယ်စားလှယ်အားလုံး၏ ဆန္ဒများကို အသိအမှတ်မပြုနိုင်အောင်



ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက် ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံ ကြိုဆိုကြောင်း အဆိုကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးအေးမော် ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

အမေရိကန်နှင့် ၎င်း၏ဩဇာခံ ပြည်တွင်းအဖျက်သမားများက လုပ်ဆောင်နေကြကြောင်း၊ ယင်းလုပ်ဆောင်ချက်များသည် မိမိတို့နိုင်ငံကို အမေရိကန်ဩဇာခံဘဝ၊ တစ်နည်းအားဖြင့် သူ့ကျွန်ဘဝရောက်အောင် ကြိုးပမ်းနေခြင်းပင်ဖြစ်ကြောင်း၊ အမေရိကန်အစိုးရက အီရတ်တွင် လူအစုလိုက်အပြုံလိုက်သေစေနိုင်သည့် ဖျက်အားပြင်း လက်နက်များရှိသည်ဆိုပြီး အီရတ်ကို စစ်အင်အားသုံး ကျူးကျော်ခဲ့ကြောင်း၊ သို့ရာတွင် ၎င်းတို့ပြောသည့် လက်နက်များလုံးဝမရှိသည့်အခါတွင် လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး အကြောင်းပြပြီး ဆက်လက်ကျူးကျော် ဝင်ရောက်နေသည့်အတွက် နေ့စဉ်နှင့်အမျှ အီရတ်နိုင်ငံသားများ သေကျေဒဏ်ရာရပြီး လောကငရဲဘုံလိုသာ ကြုံနေရကြောင်း၊ အီရတ်ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ လစဉ် အီရတ်ပြည်သူများ၏ သေဆုံးမှုသည် ၂၀၀၇ခုနှစ် မတ်လတွင် ၁၈၇၂ဦး၊ ဧပြီလတွင် ၁၅၀၁ဦး၊ မေလတွင် ၁၉၄၉ဦး၊ ဇွန်လတွင် ၁၂၂၇ဦးနှင့် ဇူလိုင်လတွင် ၁၆၅၃ဦး သေဆုံးခဲ့သည်ဟုသိရကြောင်း၊ အမေရိကန်နှင့် အပေါင်းပါများ၏ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး မျှော်ကိုးခဲ့သူများအဖို့ မိမိနိုင်ငံကို ငရဲဘုံပို့ရာရောက်သည်ဆိုခြင်းကို ပြည်တွင်းသစ္စာဖောက်များအနေဖြင့် သိရှိပြီး ဆင်ခြင်ရန် အချိန်ကျပြီဟု သတိပေးပြောကြားလိုကြောင်း။

ယခုရက်ပိုင်းအတွင်း ဖြစ်ပွားခဲ့သော ဆူပူဆန္ဒပြမှုများသည် နိုင်ငံတော်တွင်ရှိနေသည့် ရလဒ်ကောင်းများ ပျက်စီးဆုံးရှုံးအောင် ပြည်ပနယ်ချဲ့လက်သစ်ဝါဒီ နိုင်ငံများနှင့် ပုဆိန်ရိုးများက တပ်မတော်နှင့် ပြည်သူတို့အားသပ်လျှိုသွေးခွဲရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်ကို ပြည်သူများက ကောင်းစွာ သဘောပေါက်နားလည်ကြကြောင်း၊ ပြည်တွင်း၊ ပြည်ပအဖျက်သမားများသည် ဒီမိုကရေစီကိုဗန်းပြပြီး လက်တွေ့ဒီမိုကရေစီဖြစ်ထွန်းပေါ်ပေါက်ရေးကို ဟန့်တားနှောင့်ယှက်နေသူများသာဖြစ်၍ ယင်းဟန့်တားနှောင့်ယှက်သူများကို မိမိတို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စု၏ ဘုံရန်သူများအဖြစ်သတ်မှတ်ပြီး ပြတ်ပြတ်သားသား ဆန့်ကျင်ချေမှုန်းသွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို နှောင့်ယှက်၊ ဟန့်တား၊ ဖျက်ဆီးနေသော ပြည်တွင်း၊ ပြည်ပအဖျက်သမားများနှင့် BBC, VOA, RFA နှင့် DVB စသည့် ပြည်ပအသံလွှင့်ဌာနများ၏ သွေးထိုးလုပ်ဆောင်ချက်များကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလိုက်ပါကြောင်းနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို လေးလေးနက်နက် တင်သွင်းသွားသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးအေးမော်က ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သည့် အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများထဲက ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်သည့် အခြေခံမူများကို ကောက်နုတ်တင်ပြရလျှင်–

- နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထား ဆောင်ရွက်မည်၊
- နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်၊
- နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်မည်၊
- နိုင်ငံတော်သည် ဘက်စုံအတွေးအခေါ်အယူအဆ မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ဖော်ဆောင်မည်

ဆိုသည့် အချက်များသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အမျိုးသားပညာရည် မြင့်မားရေးကို ဦးစားပေးဖော်ဆောင်ထားသည်ကို တွေ့ရကြောင်း၊ ထို့အပြင် အခြားအခြေခံမူများသည်လည်း တိကျပြည့်စုံမှန်ကန်၍ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ခိုင်မာပြည့်စုံ မည်သာဖြစ်ကြောင်း လေးနက်စွာ ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ယခုကျင်းပပြီးစီးခဲ့သည့်

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❁

ရန်ကုန်တိုင်း ရန်ကုန်မြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားသို့ မြို့မိမြို့ဖများ၊ အလုပ်သမားများနှင့် တောင်သူလယ်သမားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူထုလူတန်းစား အသီးသီးတို့မှ ပြည်သူများ စစ်ကြောင်းပုံဖြင့် စနစ်တကျ ချီတက်ကြစဉ်။ (သတင်းစဉ်)



❁ စာမျက်နှာ ၅ မှ

အမျိုးသားညီလာခံကြီးသည် မိမိတို့မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် အမျိုးသားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ အကျယ်ပြန့်ဆုံးသော ညီလာခံကြီးဖြစ်သည်ဆိုသည်မှာ ထင်ရှားကြောင်း။

မိမိတို့နိုင်ငံတွင် ဒီမိုကရေစီ ရေခံမြေခံကောင်းများ ရရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ ဤကဲ့သို့ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်၌ ကိုယ့်အားကိုယ်ကိုး လျှောက်လှမ်းနေသည်ကို မနာလိုမရှုဆိတ်ကြသည့် ပြည်တွင်းပြည်ပအဖျက်သမားအုပ်စုက အချင်းချင်းစည်းဝါးကိုက်ပြီး ပြည်ပအသံလွှင့်မီဒီယာများဖြစ်သော BBC, VOA, RFA, DVB စတဲ့ အသံလွှင့်ဌာနများကတစ်ဆင့် မိုးလုံးပြည့်မုသာဝါဒများဖြင့် နည်းမျိုးစုံသုံးကာ အလုံးစုံပျက်စီးရေး ဦးတည်လုပ်ဆောင်နေကြကြောင်း၊ တိုင်းရင်းသားမိဘပြည်သူများရှင် BBC ညာနေပါတယ်။ VOA လိမ်နေပါတယ်။ RFA ရန်တိုက်ပေးနေပါတယ်။ အဆိုပါ ဝေသာလီပုဏ္ဏားများ၏စကားတွေကို မယုံကြရန်နှင့် သတိထားကြရန် အသိပေးအပ်ပါကြောင်း။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်နေသမျှ ကာလပတ်လုံး နိုင်ငံတော်လုံးဆိုင်ရာ တည်ငြိမ်အေးချမ်းမှုသည် ခိုင်ခိုင်မာမာဖြစ်ထွန်းနေမည်ဖြစ်ကြောင်း၊ စစ်မှန်သည့်ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်များ မိမိတို့နိုင်ငံသားအားလုံးတွင် ပြန့်ပွားရှင်သန်ခိုင်မာနေလျှင် မိမိတို့နိုင်ငံ၏ငြိမ်းချမ်းတည်တံ့နေသည့် အရှိန်၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အဟုန်တို့ကို မည်သည့်အဖျက်အမှောင့်များကမှ မဟန့်တားနိုင်ဘူးဆိုသည်ကို အောင်မြင်ခဲ့ပြီးဖြစ်သည့် အမျိုးသားညီလာခံကြီးက သက်သေဖြစ်ကြောင်း၊ ဤကဲ့သို့ အခက်အခဲအနှောင့်အယှက် အမျိုးမျိုးကြားက နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းသစ္စာစောင့်သိစွာ ကြိုးပမ်းဆောင်ရွက်နိုင်မှု၊ ရဲဝံ့ပြောင်မြောက်သည့် စွမ်းဆောင်နိုင်မှုများက မှတ်ကျောက်အဖြစ် သမိုင်းမော်ကွန်းတင်ခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ရေးကို ဟန့်တားနှောင့်ယှက်နေကြသည့် ပြည်တွင်းပြည်ပက အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒီ BBC,VOA ,RFA,DVB စသော ပြည်ပမီဒီယာများကို မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဘုံရန်သူများအဖြစ် သတ်မှတ်ပြီး ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချကြရန်နှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပါကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ဆက်လက်၍ လမ်းမတော်မြို့နယ်မှ ရပ်မိရပ်ဖတစ်ဦးဖြစ်သည့် ဥပဒေအကျိုးဆောင်ဦးဝင်းနိုင်ဦးက ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် ယနေ့ နိုင်ငံတော်ကချမှတ်ထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးတွင် မိမိတို့ တိုင်းရင်းသားပြည်သူများ၏စရိုက်လက္ခဏာ၊ ရေမြေသဘာဝ၊ နိုင်ငံသားအများစု၏ ဆန္ဒသဘောထားနှင့် အကျိုးစီးပွားကို အခြေခံပြီး လိုက်ဖက်ဆီလျော်သင့်တော်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အောင်အောင်မြင်မြင်ချမှတ်ခဲ့ပြီး ဖြစ်ကြောင်း။

၂၀၀၇ခုနှစ် စက်တင်ဘာ ၃ရက်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများတွင် ယခင်က ကျင့်သုံးခဲ့သည့် ၁၉၄၇ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ထက် ပိုမိုခိုင်မာပြည့်စုံသည်ကို တွေ့ရကြောင်း။

ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် နှိုင်းယှဉ်ပါက ယခုချမှတ်ထားသည့် အခြေခံမူများသည် တိုင်းရင်းသားများ၏အခွင့်အရေးကို မြန်မာနိုင်ငံ၏ ပကတိအရှိတရားများအပေါ်အခြေခံပြီး အထူးတလည် ပေးအပ်ထားကြောင်း ထင်ရှားစွာ တွေ့မြင်ရကြောင်း၊ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မိမိတို့နိုင်ငံ၏ အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရကို နှစ်ထောင်းအားရဖွယ် တွေ့မြင်ရပြီဖြစ်ကြောင်း။



ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို လမ်းမတော်မြို့နယ်မှ ရပ်မိရပ်ဖ ဥပဒေအကျိုးဆောင် ဦးဝင်းနိုင်ဦး ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်အေးမင်းမိုးက ပြည်တွင်းပြည်ပအဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် ယနေ့ မြန်မာတစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းပြီး ခေတ်ဟောင်း၊ စနစ်ဟောင်းကနေ ခေတ်သစ် စနစ်သစ်ဆီသို့ ညင်သာစွာကူးပြောင်းနိုင်ရန် စစ်မှန်သည့်အင်အားနှင့် မှန်ကန်သော မူဝါဒ၊ ပကတိအခြေအနေနှင့် ကိုက်ညီဆီလျော်သည့် လမ်းစဉ်၊ စေတနာပါပြီး လက်တွေ့ကျသော အကောင်အထည်ဖော်မှုများကြောင့် ဘက်စုံ၊ ကဏ္ဍစုံတွင် တည်ငြိမ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ဖြစ်ထွန်းပေါ်ပေါက်နေပြီဖြစ်ကြောင်း။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ယခင်ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ယနေ့တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို မဖော်ဆောင်နိုင်တော့သည့်အတွက် ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် အခြေခံဥပဒေတစ်ရပ်လိုအပ်နေသည်ဆိုသည်ကို ပြည်သူအားလုံး နားလည်သဘောပေါက်နေကြကြောင်း။

# “ဘယ်သူသေသေ ငတေမာရင်ပြီးရော” ဆိုသည့်အတိုင်း ဒေါ်လာနဖားကြိုးနှင့် ပြည်တွင်းကအဖျက်သမားအုပ်စုသည် အနာဂတ်မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ဒေါ်လာဖြင့်ရောင်းချ ယဇ်ပူဇော်ရန် လက်ရဲဇက်ရဲလုပ်ဆောင်ခဲ့



ပြည်တွင်းပြည်ပအဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်အေးမင်းမိုး ထောက်ခံဆွေးနွေးစဉ်။(သတင်းစဉ်)

အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူများအနက် ဘာသာသာသနာရေးနှင့် စပ်လျဉ်းသော အခြေခံမူများတွင် ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ၊ သာသနာရေးကို လွတ်လပ်စွာ ယူဆနိုင်သောအခွင့်အရေး၊ လွတ်လပ်စွာကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိရမည်။

နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ၊ သာသနာကို အလွဲသုံးစားမပြုရ၊ ထို့အပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ပေါ်ပေါက်လာရန်ရည်ရွယ်သော (သို့မဟုတ်) ပေါ်ပေါက်လာရန် အကြောင်းရှိသောအပြုအမူသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်၊ ထိုအပြုအမူမျိုးတွင် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်ဟု အတိအလင်း ဖော်ပြထားသည်ကိုတွေ့ရကြောင်း၊ အဆိုပါ ဖော်ပြချက်သည် နိုင်ငံသားတိုင်းအတွက် ဘာသာရေးအခွင့်အလမ်း အလေးထားသည့် အခြေခံမူဖြစ်၍ မိမိတို့ နိုင်ငံသားတိုင်းက အပြည့်အဝထောက်ခံကြောင်း။

**မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့် အပြည့်ရှိကြောင်း၊ ခရစ်ယာန်ဘုရားဝတ်ပြုကျောင်း၊ အစ္စလာမ်ဘာသာဝင်များ၏ ဗလီ၊ ဟိန္ဒူဘာသာဝင်များ၏ ဘုရားကျောင်းများ ထောင်ချီရှိကြောင်း၊ အားလုံးစိတ်ချမ်းသာစွာဖြင့် မိမိကိုးကွယ်ရာ ဘာသာတရားကို လွတ်လပ်စွာကိုးကွယ်နေကြကြောင်း၊ ဗုဒ္ဓဘာသာဝင်ဦးရေအနေဖြင့်၈၀ ရာခိုင်နှုန်းမျှ ရှိကြကြောင်း၊ ဘုရား၊ကျောင်း၊ကန်၊ ပုထိုးစေတီဟောင်းများ ပြုပြင်အသစ်တည်ထားကိုးကွယ်မှုများကြောင့် ဗုဒ္ဓရုပ်ပွားဘုရားစေတီများ လက်ညှိုးထိုးမလွဲသည့်နိုင်ငံဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဗုဒ္ဓဘာသာ သာသနာတော်ထွန်းကားရာ မြန်မာနိုင်ငံကို ဖျက်ဆီးပစ်လိုသည့် အနောက်နယ်ချဲ့နိုင်ငံများက BBC, VOA, RFA, DVB စသော မီဒီယာများကို အသုံးပြုပြီး ဗုဒ္ဓသာသနာတော်ညှိုးနွမ်းအောင် သက်န်းဝတ်ဆန္ဒပြသံဃာများအသုံးချပြီး သာသနာဖျက်လုပ်ငန်းများ လုပ်ဆောင်ခဲ့ကြကြောင်း၊ သံဃာတော်အားလုံး၏ နှစ်ရာခိုင်နှုန်းမျှသာရှိသည့် သံဃာတချို့က အနောက်နိုင်ငံများအလိုကျ သံဃမဟာနာယကဆရာတော်ကြီးများကိုပင် မထီမဲ့မြင်ပြုပြီး ဝိနည်းတော်ချိုးဖောက်ဆူပူမှုဖန်တီးခဲ့သည်ကို တွေ့ခဲ့ရကြောင်း။**

ဤကဲ့သို့ ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများနှင့် ပြည်ပအသံလွှင့်ဌာနများ၏ ဘာသာသာသနာကိုပင် အလွတ်မပေးဘဲ သာသနာတော်ကို ခုတုံးလုပ်ပြီး သွေးထိုးလှုံ့ဆော်မှုများကို နားယောင်ခဲ့သည့် လူအချို့ကလည်း မသမာသူများ၏အလိုကျ နိုင်ငံရေးတောင်းဆိုမှုများ ဖော်ထုတ်လာပြီး တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကို ပျက်စီးအောင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းအတွင်းက တိုင်းရင်းသားပြည်သူများ၏ကိုယ်စား ဤမင်းမဲ့စရိုက်နှင့် ဆူပူလှုံ့ဆော်ဆန္ဒပြမှုများကို အခြားပြည်နယ်နှင့်တိုင်းများမှ ပြည်သူများနည်းတူ တစ်ထပ်တည်း ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချကြောင်း တင်ပြအပ်ကြောင်း။

ယနေ့အချိန်အခါသည် တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တစ်စိတ်တစ်ဝမ်းတည်း လက်တွဲထူထောင်သွားရမည့် အချိန်အခါကောင်းဖြစ်ကြောင်း၊ တစ်မျိုးသားလုံး အကျိုးစီးပွားဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်နှင့်အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ငြိမ်းချမ်းစွာ ပေါ်ထွန်းလာရေးအတွက် ရှေးရှုပြီး ခိုင်မာပြတ်သားစွာ ဆောင်ရွက်သွားရမည့် အချိန်အခါလည်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်ကို ဆန့်ကျင်ဖျက်ဆီးနေသည့် အဖျက်သမားအုပ်စု၏ အဖျက်လုပ်ငန်းများကို မိမိတို့ ပြည်သူတစ်ရပ်လုံးက ကန့်ကွက်ရှုတ်ချပါကြောင်းနှင့် အောင်မြင်စွာကျင်းပပြီးခဲ့သော အမျိုးသားညီလာခံကြီးက မိမိတို့ နိုင်ငံနှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် နောင်အနာဂတ်တွင်ဖြစ်ပေါ်လာမည့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ပေးခြင်းဖြစ်သည့်အတွက် အဆိုရှင်တင်သွင်းသွားသော အမျိုးသားညီလာခံကြီးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်း အဆိုကို လေးလေးနက်နက် ထပ်ဆင့်ထောက်ခံ တင်ပြပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တွင် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် အခြေခံမူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကြီးကိုကျင်းပခဲ့ရာ ယခုအခါ အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးမြောက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် အခြေခံမူများနှင့်အသေးစိတ်အခြေခံရမည့်မူများကို ပီပီပြင်ပြင် ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်သည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ တိုင်းရင်းသားပြည်သူများနှင့်အတူ တစ်မျိုးသားလုံး၏အကျိုးစီးပွားကို ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းထမ်းဆောင်နေကြောင်း၊ အမျိုးကိုချစ်သည်ဆိုလျှင် အမျိုးကို စောင့်ရှောက်ရမည်၊ အမျိုးဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်ကို ချစ်သည်ဆိုလျှင် တိုင်းပြည်မပြိုကွဲအောင် ကာကွယ်စောင့်ရှောက်ရမည်၊ တိုင်းပြည်အခြေအနေမြင့်မားသည်ထက်မြင့်မားအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ မွန်မြတ်သည့် စေတနာ၊ မှန်ကန်သည့် ရပ်တည်ချက်၊ မဆုတ်မနစ်စွမ်းဆောင်ခဲ့သည့် အမျိုးသားရေးကြိုးပမ်းမှုများကြောင့် ယနေ့မိမိတို့ မြန်မာနိုင်ငံသည် အမျိုးသားအင်အား၊ ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားများကို ခိုင်ခိုင်မာမာ ပြန်လည်တည်ဆောက်နိုင်ခဲ့ပြီဟု ဆိုရမည်ဖြစ်ကြောင်း၊ အမျိုးသားအင်အားတည်ဆောက်နိုင်မှုအနေဖြင့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခဲ့သည့်အပြင် အမျိုးသားနိုင်ငံရေး အဖွဲ့အစည်းများကိုလည်း နည်းမှန်လမ်းမှန်ဖြင့် ဦးဆောင်ဦးရွက်ပြုပြီး နယ်မြေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းကဲ့သို့ ငြိမ်းချမ်းရေးရယူခဲ့ကြသည့် အဖွဲ့များနှင့် အမျိုးသားရေး အသင်းအဖွဲ့များက အစိုးရနှင့်လက်တွဲပြီး ဥပဒေဘောင်အတွင်းတွင် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာပူးပေါင်းဆောင်ရွက်နေကြကြောင်း၊ ထို့အပြင် ငြိမ်းချမ်းရေးအဖွဲ့များသည် ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးတွင် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း၊ အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သည့် အခြေခံရမည့်မူများသည် နိုင်ငံသားများ၏ ရပိုင်ခွင့်များကို ခိုင်ခိုင်မာမာ အကာအကွယ်ပေးထားခြင်းဖြစ်သည့်အတွက် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒကို ဖော်ထုတ်နိုင်မည့် အာမခံချက်ပေးနိုင်မည့် အခြေခံမူများဖြစ်ကြောင်း၊ ဤကဲ့သို့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားများကိုသာ ဦးတည်ချမှတ်ပေးခြင်းဖြစ်၍ ချမှတ်ခဲ့သည့် အခြေခံမူများကို မိမိတို့ တိုင်းရင်းသားပြည်သူလူထုကြီးက ကြိုဆိုထောက်ခံသွားကြမည်ဖြစ်ကြောင်း။

**မိမိတို့နိုင်ငံကြီး တည်ငြိမ်အေးချမ်းပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်ကို မလိုလားသည့်ပြည်တွင်းက သစ္စာဖောက်ပုဆိန်ရိုးအဖျက်သမားများနှင့် ပြည်ပက အင်အားကြီးနိုင်ငံအချို့သည် မိမိတို့နိုင်ငံကို ၁၉၈၈ခုနှစ် တိုင်းဆူပြည်ဖျက်အရေးအခင်းမျိုး ထပ်မံဖြစ်ပွားအောင် အစဉ်တစိုက်လုပ်ဆောင်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်စက်တင်ဘာတွင် “ဘယ်သူသေသေ ငတေမာရင် ပြီးရော” ဆိုသည့်အတိုင်း ဒေါ်လာနဖားကြိုးနှင့် ပြည်တွင်းကအဖျက်သမားအုပ်စုသည် အနာဂတ်မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ဒေါ်လာဖြင့် ရောင်းချယဇ်ပူဇော်ရန် လက်ရဲဇက်ရဲလုပ်ဆောင်ခဲ့ရုံမျှမက သာသနာ့ဝန်ထမ်း၊ ရဟန်းသံဃာများနှင့် အစိုးရကြား၊ ဆရာဒကာ ဆက်ဆံရေးပျက်ပြားအောင် စနစ်တကျ အကွက်ချလုပ်ဆောင်ခဲ့ကြောင်း၊ ယင်းကို ပြည်ပမီဒီယာများဖြစ်သည့် BBC, VOA, RFA နှင့် DVB အသံလွှင့်ဌာနများကလည်း ပြည်တွင်းက ပုဆိန်ရိုး သစ္စာဖောက်အုပ်စုနှင့် လက်ဝါးချင်းရိုက်စည်းဝါးကိုက်ကာ အချိန်ကိုက် မဟုတ်မမှန် လိမ်ညာသတင်းများကို ၁၉၈၈ ခုနှစ် အရေးအခင်းကာလတုန်းကနည်းတူ သွေးထိုးလှုံ့ဆော်ထုတ်လွှင့်ခဲ့ကြသည့်နည်းအတိုင်း ရန်တိုက်ပေးခဲ့ကြကြောင်း။**

**သို့သော်လည်း မိမိတို့မြန်မာပြည်သူလူထုသည် တည်ငြိမ်မှုကိုသာ လိုလားကြကြောင်း၊ အေးချမ်းမှုကိုသာ လိုလားကြကြောင်း၊ ဆူပူအကြမ်းဖက်မှုကို မလိုလားကြကြောင်း၊ အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့သည် ပြည်တွင်း ပြည်ပက အဖျက်သမားများ၏ အမျိုးသားညီလာခံမအောင်မြင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုနိုင်ရေးတို့အတွက် ခေတ်သစ်နယ်ချဲ့ရိုက်ကွက်အမျိုးမျိုးဖြင့် သွေးထိုးလှုံ့ဆော်မှုမှန်သမျှကို စစ်မှန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် တွန်းလှန်အောင်နိုင်ခဲ့ကြောင်း။**

စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨

**အမိန့်ဟူသမျှဆန့်ကျင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေး ဆိုသည့်လုပ်ရပ်များသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ပျက်ပြားအောင် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်၍ ယင်းလုပ်ရပ်များဖြင့် ဆောင်ရွက်နေသူမှန်သမျှကို မိမိတို့ပြည်သူများက တညီတညွတ်တည်း ဆန့်ကျင်ရှုတ်ချ၊ အလားတူ စီးပွားရေးပိတ်ဆို့မှုအပါအဝင်နိုင်ငံရေး၊ လူမှုရေးနှင့်လူသားချင်း စာနာထောက်ထားခြင်းပါမကျန် ဘက်ပေါင်းစုံက ထိုးနှက်တိုက်ခိုက်နေသည့် ပြည်တွင်းပြည်ပ ဆန့်ကျင်ရေးအဖွဲ့များ၊ အနောက်နိုင်ငံကြီးများ၏ မီဒီယာများနှင့် မဟုတ်မမှန် သွေးထိုးဝါဒဖြန့် လှုံ့ဆော်တိုက်ခိုက်နေမှုများကိုလည်း မိမိတို့ ရန်ကုန်တိုင်းမှ ပြည်သူများက အခြားသောပြည်နယ်၊ တိုင်းအသီးသီးမှပြည်သူများနည်းတူ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချ။**




**ပြည်တွင်းပြည်ပအဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးမင်းဟန်(အငြိမ်းစား) ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

➪ **စာမျက်နှာ ၆ မှ**

မိမိတို့ ပြည်သူလူထုသည် အမျိုးသားညီလာခံကြီးနှင့်အတူ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အောင်မြင်စွာအတည်ပြုနိုင်ရေးအတွက် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ လှည့်ကွက်တွင် ကျရောက်အလိမ်အညာမခံရစေရန် အမျိုးသားရေးအမြင်များ နိုးကြားရှင်သန်နေကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံကို ကျွန်ဇာတ်သွင်းရန် ကြိုးပမ်းလုပ်ဆောင်မှုမှန်သမျှကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား လှိုက်လှိုက်လှဲလှဲ ထောက်ခံကြိုဆိုပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး မင်းဟန် (အငြိမ်းစား)က ပြည်တွင်းပြည်ပအဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံကြီးကို ၂၀၀၇ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း၊ အမျိုးသားညီလာခံကြီးက ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ကြောင်း၊ ယင်းအခြေခံမူများသည် အနာဂတ်မိမိတို့ နိုင်ငံတော်ကြီးကို ပုံဖော် လမ်းခင်းပေးလိုက်ခြင်းဖြစ်သည့်အတွက် မိမိတို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဂုဏ်ပြုကြိုဆိုကြရမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံက ချမှတ်ပေးလိုက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများထဲတွင် တပ်မတော်နှင့်သက်ဆိုင်သည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူ အချက်(၁၄)ချက်ပါရှိသည်ကို တွေ့ရကြောင်း၊ ဤအခြေခံမူများသည် အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပြီး အမျိုးသားနိုင်ငံရေးတာဝန်ကို အစဉ်ထမ်းဆောင်နေသည့် တပ်မတော်ကို ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလတွင်လည်းကာကွယ်စောင့်ရှောက်ရန် ထပ်ဆင့်တာဝန်အပ်နှင်းလိုက်ခြင်းပင်ဖြစ်သည့်အတွက် မိမိတို့ ဝမ်းမြောက်ဂုဏ်ယူမိကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ပါဝင်ထမ်းဆောင်နိုင်ရေးအတွက် တပ်မတော်ကို တာဝန်ပေးအပ်လိုက်ခြင်းသည် မရှိမဖြစ် လိုအပ်ကြောင်း၊ တိုင်းရင်းသား ပြည်သူအားလုံး၏ ဆန္ဒသဘောထားနှင့်လည်းတစ်ထပ်တည်းကိုက်ညီကြောင်း၊ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသား ပြည်သူများ၏အကျိုးကို အစဉ်ဦးတည်ချမှတ်ခဲ့ခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမှ တပ်ချခွင့်မပြုဆိုသည့် အခြေခံမူသည် နိုင်ငံတော်၏ လုံခြုံရေး၊ ကာကွယ်ရေးကို ကာကွယ်ရေးရှုဆောင်ရွက်ခြင်းဖြစ်၍ လျော်ကန်သင့်မြတ်လှသည့်အတွက် လေးလေးနက်နက် ထောက်ခံကြိုဆိုအပ်ကြောင်း။

**အမျိုးသားညီလာခံက ချမှတ်လိုက်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာသိရှိပြီး ပေါ်ပေါက်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အတူ မိမိတို့နိုင်ငံ၏အနာဂတ်ပုံသဏ္ဍာန်ကိုပုံဖော်ပြီး တိုင်းရင်းသားပြည်သူများက နှစ်ထောင်းအားရဖြစ်နေချိန်တွင် ပြည်တွင်းပြည်ပ အဖျက်သမားများက မိမိတို့နိုင်ငံကို ပြည်ပသြဇာခံဘဝ မရောက်ရောက်အောင် ဖျက်လိုဖျက်ဆီး ကြိုးပမ်းလုပ်ဆောင်လာသည်များကိုလည်း စက်ဆုပ်ဖွယ်ရာ တွေ့နေရကြောင်း၊ အကြမ်းဖက်ဆူပူမှုကြောင့် ပြည်သူအများ အထိတ်တလန့်ဖြစ်ကြရကြောင်း၊ မသိနားမလည်သူများ လူပေါင်းမှားပြီး ဒုက္ခရောက်ကြရကြောင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ထိခိုက်နစ်နာခဲ့ကြရကြောင်း၊ ဈေးရောင်းသူများ စိတ်ချလက်ချ ဈေးမရောင်းနိုင်သည့်အပြင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ အကြီးအကျယ်ထိခိုက်ခဲ့ရကြောင်း၊ ယခုကဲ့သို့ တိုင်းရင်းသား ပြည်သူများသည် အကြမ်းဖက်ဆူပူမှုများကြောင့် အကျပ်အတည်းများ တွေ့ခဲ့ရသော်လည်း နယ်ချဲ့ခိုင်းဖတ်စေဖတ် ပြည်ပြေးများကမူ ဒေါ်လာဝင်လမ်း ဖြောင့်ခဲ့ကြကြောင်း၊ အလံရှူးလုပ်သူများက ထောက်ပံ့ကြေးတွေရနေကြပြီး ဒုစရိုက်ကောင် တောကြောင်များကတော့မူ အကြိုက်တွေ့ခဲ့ကြကြောင်း၊ အခါပေးမီဒီယာများမှ သစ္စာဖောက်များလည်း ဝင်ငွေကောင်းခဲ့ကြောင်း။**

**ဤကဲ့သို့ အကြမ်းဖက်ဆူပူမှုကြောင့် မည်သူများအကျိုးရှိပြီး မည်သူများ အကျိုးမဲ့စေသည်ဆိုသည်ကို ခွဲခွဲခြားခြား သိမြင်ကြသည့် ပြည်သူများ အနေဖြင့် ယင်းအဖျက်သမားများ၏ ပျက်စီးရာပျက်စီးကြောင်း ကြိုးပမ်းလုပ်ဆောင်နေမှုများကို မိမိတို့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် အထူးသတိပြုပြီး တားဆီးချေမှုန်းသွားကြရမည် ဖြစ်ကြောင်း။**

ထို့ကြောင့် အဆိုရှင် တင်သွင်းသွားသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချပါကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ယင်းနောက် မြောက်ဥက္ကလာပ မြို့နယ်မှ ရပ်မိရပ်ဖ စီးပွားရေး လုပ်ငန်းရှင် ဦးမြင့်ဟန်က ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် ယနေ့ မိမိတို့နိုင်ငံတော်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီ ကျင့်စဉ်ကျင့်သုံးသည့် နိုင်ငံဖြစ်ပေါ်လာရေးကို မူဝါဒလမ်းစဉ် (၇) ရပ်ချမှတ်ပြီး စိတ်ရောကိုယ်ပါ ကြိုးပမ်းဖော်ဆောင်ခဲ့ရာတွင် ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ ကိုယ်စားလှယ်အားလုံးက တစည်းတလုံး တညီတညွတ်တည်း အတည်ပြုချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။




**ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို မြောက်ဥက္ကလာပမြို့နယ်မှ ရပ်မိရပ်ဖ စီးပွားရေးလုပ်ငန်းရှင် ဦးမြင့်ဟန် ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

ဤအမျိုးသားညီလာခံကြီးက ချမှတ်လိုက်သည့် အခြေခံမူများအရ ပြည်သူအားလုံးအတွက် ဒီမိုကရေစီ အခြေခံအခွင့်အရေးများနှင့် ပြည့်ဝသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း၊ အလားတူ တိုင်းရင်းသားများအတွက်လည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အခွင့်အာဏာများ ကျယ်ကျယ်ပြန့်ပြန့် ရရှိကြမည်ဖြစ်ကြောင်း၊ နိုင်ငံသားများ၏အခွင့်အရေးအပါအဝင် ဘာသာရေး၊ လူမှုရေးစသည့် ကဏ္ဍအသီးသီးတွင်လည်း အခြားဒီမိုကရေစီနိုင်ငံများ၌ ပေးအပ်ထားသည့် အခွင့်အရေးများနည်းတူ ရရှိသော အာမခံချက်များ အခြေခံဥပဒေတွင် ပါရှိသည်ဖြစ်၍ ယခုချမှတ်လိုက်သည့် အခြေခံမူ၊ အသေးစိတ်အခြေခံရမည့်မူများကို မူတည်ပြီး ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မိမိတို့နိုင်ငံအတွက် အသင့်မြတ်ဆုံး၊ အကောင်းဆုံးနှင့် အကိုက်ညီဆုံးဖြစ်၍ မိမိတို့ပြည်သူတစ်ရပ်လုံးက အလေးအနက်ထောက်ခံကြိုဆိုပါကြောင်း။

ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကူးပြောင်းတည်ဆောက်ရာတွင် နိုင်ငံတော်သည် အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးခြင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ ဝပြောစည်ပင်ခြင်းနှင့် ပညာတတ် နိုင်ငံဖြစ်ပေါ်ခြင်းတို့သည် အခြေခံလိုအပ်ချက်များဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းလိုအပ်ချက်များ ပြည့်စုံရန်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ နိုင်ငံတော်ကိုတည်ဆောက်မြှင့်တင်ပေးနေချိန်တွင် ဆန့်ကျင်အကြမ်းဖက်မှု လုပ်ငန်းမှန်သမျှသည် ဒီမိုကရေစီနှင့် မသင့်လျော်ကြောင်း မိမိတို့ခံယူကြောင်း။

ထို့ကြောင့် **အမိန့်ဟူသမျှဆန့်ကျင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးဆိုသည့် လုပ်ရပ်များသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ပျက်ပြားအောင် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်၍ ယင်းလုပ်ရပ်များဖြင့် ဆောင်ရွက်နေသူ မှန်သမျှကို မိမိတို့ပြည်သူများက တညီတညွတ်တည်း ဆန့်ကျင်ရှုတ်ချလိုက်ပါကြောင်း၊ အလားတူ စီးပွားရေးပိတ်ဆို့မှုအပါအဝင်နိုင်ငံရေး၊ လူမှုရေးနှင့်လူသားချင်း စာနာထောက်ထားခြင်းပါမကျန် ဘက်ပေါင်းစုံက ထိုးနှက်တိုက်ခိုက်နေသည့် ပြည်တွင်းပြည်ပဆန့်ကျင်ရေးအဖွဲ့များ၊ အနောက်နိုင်ငံကြီးများ၏ မီဒီယာများက မဟုတ်မမှန် သွေးထိုးဝါဒဖြန့်လှုံ့ဆော်တိုက်ခိုက်နေမှုများကိုလည်း မိမိတို့ ရန်ကုန်တိုင်းမှ ပြည်သူများက အခြားသောပြည်နယ်၊ တိုင်းအသီးသီးမှပြည်သူများနည်းတူ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလိုက်ပါကြောင်း။**

ရှေ့ဆက်၍လည်း အမျိုးသားညီလာခံနှင့် မူဝါဒလမ်းစဉ်(၇)ရပ်အကောင်အထည်ဖော်မှုကို ပျက်ပြားအောင် ရည်ရွယ်ဆောင်ရွက်မှု မှန်သမျှကို မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တစ်စိတ်တည်းတစ်ဝမ်းတည်း လက်တွဲညီညီ ချေမှုန်းတိုက်ဖျက်သွားကြမည်ပင်ဖြစ်ကြောင်း။

အမျိုးသားညီလာခံအောင်မြင်စွာပြီးစီးခဲ့ခြင်းကြောင့် ကျန်ရှိနေသည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ လုပ်ငန်းအဆင့်ဆင့်ကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်မည့် အခြေအနေကောင်းများကို မိမိတို့မည်သည့်နည်းနှင့်မျှ လက်လွှတ်ဆုံးရှုံးမခံနိုင်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖော်ဆောင်ရေးတွင် တိုးတက်မှုတစ်ရပ်အနေဖြင့် ရှုမြင်နိုင်ခြင်း မရှိဘဲ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ရပ်တန့်ပျက်ပြားအောင်လုပ်ဆောင်မှုများကိုလည်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးကို လိုလားသော မိမိတို့ပြည်သူများက မည်သည့်နည်းနှင့်မျှ ခွင့်မလွှတ်နိုင်ကြောင်း။

ထို့ကြောင့် မိမိတို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အဖျက်လုပ်ရပ်မှန်သမျှကို ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချပါကြောင်းနှင့် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံနှင့်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအားလှိုက်လှိုက်လှဲလှဲထောက်ခံကြိုဆိုပါကြောင်း အလေးအနက်ပြောကြားရင်း အဆိုရှင်တင်သွင်းသွားသည့် အဆိုကိုလေးလေးနက်နက် ထောက်ခံအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကိုရယူရာ တက်ရောက်လာကြသော ပြည်သူလူထုက ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းတို့ကို တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ပြည်ထောင်စုမပြိုကွဲရေး(ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး(ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး(ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်(အောင်ရမည်၊ အောင်ရမည်)ဟူသော ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၈ နာရီ ၄၅ မိနစ်တွင် အခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၆-၁၀-၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇:၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချို့အေးမင်္ဂလာတေး |
| ၇:၅၅ | ၅။ | ကဗျာပန်းဥယျာဉ် |
| ၈:၀၅ | ၆။ | ဝန်ဖိုက်ချောင်းတံတား |
| ၈:၁၀ | ၇။ | အကပြိုင်ပွဲ |
| ၈:၁၅ | ၈။ | နှောင်းခေတ်တေးပဒေသာ |
| ၈:၃၀ | ၉။ | International News. |
| ၈:၄၅ | ၁၀။ | Let's Go. |
| ၉:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄:၁၅ | ၂။ | ဆောင်းပါးရှင် စာမွေ့သူ ရဟန်းကြီး၏ "ဘီလုံးငှက်၏ အောင်မြင်ရေးနီတိ" |
| ၄:၃၀ | ၃။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၄:၄၅ | ၄။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - စတုတ္ထနှစ် (ဥပဒေပညာ) |
| ၅:၀၀ | ၅။ | ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက |
| ၅:၁၀ | ၆။ | ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) (အခြေခံပညာ ၅-၁၀နှစ်) (အမျိုးသား/အမျိုးသမီး) |
| ၅:၂၅ | ၇။ | ဆိုကြမယ် ပျော်ကြမယ် |
| ၆:၀၀ | ၈။ | ညနေခင်းသတင်း |
| ၆:၃၀ | ၉။ | မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၁၀။ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ |
| ၆:၅၀ | ၁၁။ | သုတစုံလင် ရွှေဉာဏ်ရှင် |
| ၇:၂၀ | ၁၂။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောရွှေနေခြည်" (အပိုင်း-၂၁)** |
| ၈:၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ပြုံးလှည့်ပါချစ်သူရယ်" (အပိုင်း-၁၅)** |
| | ၁၇။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၈။ | အစီအစဉ်ပြီး၏။ |

# …ာက်လမ်းသမားများ

**ဖိုးသူတော်ရေချမ်း**

ကလည်း သံဃာတော်တွေ၊ သီလရှင်တွေ မဲပေးခွင့်ကို ဥပဒေပြဋ္ဌာန်းပေးလိုက်ပါတယ်။

တကယ်တော့ ဒီလုပ်ဆောင်ချက်ဟာ ခဲရာခဲဆစ် ပြန်လည်တည်ဆောက်ထားတဲ့ ဂိုဏ်းပေါင်းစုံ သံဃာထုအတွင်း ညီညွတ်မှုကို ဘယ်လိုမှ ရင်ကြားစေ့မရအောင် ထပ်မံပြိုကွဲစေမယ့်လုပ်ရပ် ဖြစ်သလို နိုင်ငံရေးလောကအတွင်း ဆရာဒကာပြဿနာရပ်တွေနဲ့ အငြင်းပွားမှု၊ အချင်းများမှုတွေ အတောမသတ် ဖြစ်နေအောင် နယ်ချဲ့အစိုးရက နှတ်ကြောင်းထွင် ခင်းပေးလိုက်တဲ့ လမ်းကြောင်းပဲဖြစ်ပါတယ်။

ဒါကို ဂိုဏ်းဂဏစွဲ၊ ဆရာစွဲ၊ ဒကာစွဲ၊ ဝါဒစွဲတွေ အကင်းမသေသေးတဲ့ သံဃာငယ်အချို့က လိုလားထောက်ခံခဲ့ကြပေမယ့် အမြော်အမြင်ကြီးမားတော်မူတဲ့ ဆရာတော်အရှင်သူမြတ်များကတော့ လုံးဝဆန့်ကျင် ကန့်ကွက်ခဲ့ပြီး အင်္ဂလိပ်အစိုးရ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေကို ပြန်လည်ပယ်ဖျက်ရတဲ့အဆင့်ရောက်အောင် ဆောင်ရွက်တော်မူနိုင်ခဲ့ပါတယ်။ မှတ်သားစရာ အထောက်အထားဖြစ်တဲ့ ဂိုဏ်းပေါင်းစုံ မဟာသံဃာ့အဖွဲ့ချုပ်ကြီးရဲ့ (၁၂၆)ကြိမ်မြောက် ဗဟိုတာဝန်ခံ အထူးအမှုဆောင်အဖွဲ့ရဲ့အစည်းအဝေးဆုံးဖြတ်ချက်က အခုလိုဖြစ်ကြောင်းပါ ခင်ဗျာ။

**… အနနုဉ္ဆဝိကံမောဃ ပုရိသ အနနုလောမိကံ အပ္ပဋိရူပံ အသာမဏကံ အကပ္ပိယံ အကရဏီယံဆိုသော ဝိနည်းဒေသနာတော်အရ ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးခြင်း၊ လူဝတ်ကြောင်တို့၏ နိုင်ငံရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခြင်းများ အလုပ်သည် သမဏဓမ္မမင်္ဂဖိုလ်နိဗ္ဗာန် သုံးတန်သော သာသနဓမ္မတို့၏ အရေးအရိပ် နိမိတ်ယောင်ပြ သုန္ဒရဘောဂဏ်သို့ အစဉ်မလိုက်သည် တစ်ကြောင်း၊ သမဏဓမ္မမင်္ဂဖိုလ်နိဗ္ဗာန် သုံးတန်သောသာသနာတော်တို့အား မလျော်သည်က တစ်ကြောင်း၊ သမဏဓမ္မမင်္ဂဖိုလ်နိဗ္ဗာန် သုံးတန်သော သာသနာတော်တို့နှင့် လုံးဝမတူတန်သည် တစ်ကြောင်း၊ ဤသို့သော အကြောင်းသုံးမျိုးကြောင့် ရဟန်းတော်တို့၏ ဆန္ဒမဲပေးခြင်းသည် ရဟန်းတော်တို့၏အလုပ် လုံးဝမဟုတ်၊ ရဟန်းတော်တို့၏ အလုပ်မဟုတ်ခြင်းကြောင့် ရဟန်းတော်တို့နှင့် မအပ်စပ်၊ ရဟန်းတော်တို့နှင့် မအပ်သည်အဖြစ်ကြောင့် ရဟန်းတော်တို့သည် လုံးဝမပြုလုပ်ထိုက်ကြောင်း …။**

မြတ်ဗုဒ္ဓ သာသနာတော်အတွက် ဆရာတော်အရှင်သူမြတ်များရဲ့ ကျေးဇူးတော်ကြောင့် အဲဒီအချိန်ကစပြီး သံဃာတော်များ၊သီလရှင်များ အနေနဲ့ လောကီအရေး နိုင်ငံရေး အရှုပ်အထွေးတွေမှာ ပါဝင်ပတ်သက်မှုဘေးက ကင်းလွတ်ခဲ့ရပေမယ့် ပါလီမန်ဒီမိုကရေစီ တစ်ခေတ်ရောက်ပြန်တော့လည်း နိုင်ငံရေးလောကသားတွေရဲ့ သံဃာထုအတွင်း ချဉ်းကပ်ဝင်ရောက် စည်းရုံးသွေးထိုးလှုံ့ဆော်မှုတွေကြောင့် ဖဆပလအဖွဲ့ကြီး နှစ်ခြမ်းကွဲချိန်မှာ သံဃာထုအတွင်းဂိုဏ်းဂဏကွဲတွေက နှစ်ခြမ်းမကဘဲ အစိတ်စိတ်အမွှာမွှာ အစီအရီ ပေါ်လာခဲ့ပြန်ပါတယ်။

- သံဃာ့ပါတီဗမာပြည်
- မဟာသံဃာ့ရာဇာအဖွဲ့
- သံဃာ့တပ်ဦးအဖွဲ့
- သံဃာ့ညီညွတ်ရေးအဖွဲ့
- သံဃာ့ညီညွတ်ရေးရဟန်းငယ်အဖွဲ့
- ပြည်ထောင်စုသံဃာအဖွဲ့
- သာသနာသန့်ရှင်းရေးအဖွဲ့
- ရခိုင်သောတုဇနအဖွဲ့
- မဟာသောတုဇနအဖွဲ့

သံဃာဂိုဏ်းကွဲမှုတွေရဲ့ နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုတွေအဖြစ် ဘာတွေ ဘယ်လိုပေါ်ပေါက်လာသလဲဆိုတော့ ထေရဝါဒဗုဒ္ဓသာသနာတော်နဲ့ သံဃာ့လောကကို အမှီပြုပြီး လိမ်လည်လှည့်ဖြားဝါကြွား စားပေါက်ထွင်တဲ့ အတုအယောင်တွေ ပေါ်ပေါက်လာသလို ပိဋကတ်သုံးပုံကိုပစ်ပယ်ပြီး စာတွေ့မမှန် ငါတွေ့မှန်၊ စိတ်ကိုစိတ်အတိုင်းထား၊ လူသေလူဖြစ်ဝါဒစတဲ့ အဓမ္မတရားတွေ ပေါ်ပေါက်လာခဲ့တယ် မဟုတ်ဘူးလား။

ဒီနေရာမှာ သံဃာငယ်တွေကို သာသနာနဲ့ မအပ်စပ်တဲ့ကိစ္စရပ်တွေအတွက် ဆရာတင်သလိုလိုလုပ်ပြီး နိုင်ငံရေးအရ အသုံးချနေသူတွေရောအဲဒီသာသနာဖျက်တွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကို အဟုတ်မှတ်ပြီး ဘုရားရှင်ရဲ့ ဩဝါဒကထာတွေ၊ ဝိနည်းသိက္ခာပုဒ်တွေကို လေးစား

**ဒီကနေ့ ပြည်ပအသံလွှင့်အစီအစဉ်တွေကနေတစ်ဆင့် ပြည်တွင်းက ရဟန်းသံဃာငယ်တွေကို သာသနာနဲ့ မအပ်စပ်တဲ့ အကြောင်းအရင်းတွေပေါ်အခြေခံပြီး နောက်ကွယ်ကနေ သွေးထိုးလှုံ့ဆော်နေကြတဲ့ ပြည်ပရောက် ရဟန်းပျိုများအဖွဲ့ဥက္ကဋ္ဌ ဘွဲ့ခံ ဦးခေမာစာရတို့၊ သံဃာ့တပ်ပေါင်းစုအဖွဲ့က ဦးဂမ္ဘီရတို့လို ရဟန်းသံဃာတွေဟာ ထေရဝါဒဗုဒ္ဓသာသနာ ရောင်ဝါ နေသို့ လင်းစေအောင် သာသနာ့ဝန်ဆောင်နေကြတဲ့ သံဃာတော် အရှင်သူမြတ်တွေ မဟုတ်ပါဘူး။ လူဝတ်ကြောင်တွေအကြား လူရှိသေ ရှင်ရိုသေ သင်္ကန်းဝတ်ပြီး လုပ်စားနေတဲ့ ဒုဿီလ ရဟန်းတွေသာ ဖြစ်ပါတယ်။**

လိုက်နာရကောင်းမှန်းမသိဖြစ်နေတဲ့ သံဃာငယ်အချို့ကို သတိပြုစရာ အချက်အချို့ ထုတ်နုတ်ကိုးကားဖော်ပြလိုပါတယ်။

ဗုဒ္ဓဘုရားရှင်ဟာ လူဝတ်ကြောင်တွေနဲ့ ချမ်းသာမကွဲ ဆင်းရဲအတူ **(သဟသောကီ သဟနန္ဒီ) အရောတဝင် နေထိုင်တဲ့ ရဟန်းသံဃာတော်တွေကို အလိုရှိတော်မမူပါဘူး။ အခုခေတ်မှာ လူဝတ်ကြောင်တွေနဲ့ အတူ နိုင်ငံရေးကိစ္စ၊ ဘောလုံးပွဲကိစ္စ၊ နှစ်လုံးထီ၊ သုံးလုံးထီကိစ္စ အစရှိတဲ့ အရေးအရာတွေမှာ တပူးတွဲတွဲလုပ်နေကြတဲ့ ရဟန်းသံဃာမျိုးတွေကို ကုလူပကလို့ခေါ်ပါတယ်။ အရပ်စကားနဲ့ နားလည်အောင် ပြောရရင် အိမ်ကပ်ရဟန်း၊ လူစော်နံတဲ့ရဟန်းပေါ့ဗျာ၊ အကျယ်သိချင်သပဆိုရင်တော့ ကုလူပကသုတ်မှာ လေ့လာနိုင်ကြောင်းပါ။**

(က) **အိမ်သူအိမ်သား၊ ဒါယကာ ဒါယိကာမတွေနဲ့ အရင်းအချာ ချစ်ခင်ရင်းနှီးသူမဟုတ်ပါဘဲလျက် အရောတဝင် ခင်မင်ရင်းနှီးဟန် ဆက်ဆံတတ်သော ရဟန်းသံဃာ၊**

(ခ) **မသက်ဆိုင် မပိုင်စိုးဘဲလျက် ပိုင်စိုးပိုင်နင်း စီမံခန့်ခွဲသော ရဟန်းသံဃာ၊**

(ဂ) **ကွဲပြားသူတို့ကို စေ့စပ်ရေးလုပ်ရန် သွားသောရဟန်းသံဃာ၊**

(ဃ) **နှစ်ကိုယ်ကြားတိုင်ပင်လေ့ရှိသော ရဟန်းသံဃာ၊**

(င) **အတောင်းအရမ်းထူသော ရဟန်းသံဃာ။(ကုလူပကသုတ်၊ ၁၂၀)**

အခုဖော်ပြခဲ့တဲ့ ရဟန်းသံဃာငါးမျိုးဟာ ဘုရားရှင် မကြိုက်တဲ့ **ရဟန်းသံဃာတွေဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီကနေ့ ပြည်ပအသံလွှင့်အစီအစဉ်တွေကနေတစ်ဆင့် ပြည်တွင်းက ရဟန်းသံဃာငယ်တွေကို သာသနာနဲ့ မအပ်စပ်တဲ့ အကြောင်းအရင်းတွေပေါ်အခြေခံပြီး နောက်ကွယ်ကနေ သွေးထိုးလှုံ့ဆော်နေကြတဲ့ ပြည်ပရောက် ရဟန်းပျိုများအဖွဲ့ဥက္ကဋ္ဌ ဘွဲ့ခံ ဦးခေမာစာရတို့၊ သံဃာ့တပ်ပေါင်းစုအဖွဲ့က ဦးဂမ္ဘီရတို့လို ရဟန်းသံဃာတွေဟာ ထေရဝါဒဗုဒ္ဓသာသနာ ရောင်ဝါ နေသို့ လင်းစေအောင် သာသနာ့ဝန်ဆောင်နေကြတဲ့ သံဃာတော် အရှင်သူမြတ်တွေ မဟုတ်ပါဘူး။ လူဝတ်ကြောင်တွေအကြား လူရှိသေ ရှင်ရိုသေ သင်္ကန်းဝတ်ပြီး လုပ်စားနေတဲ့ ဒုဿီလ ရဟန်းတွေသာ ဖြစ်ပါတယ်။**

ဗုဒ္ဓဘာသာဝင်အများစုဟာ သင်္ကန်းဆင်မြန်းထားတဲ့ ရဟန်းသံဃာမှန်သမျှကို လက်အုပ်ချီမိုး အရိုအသေပြုရှိခိုးကြတာနဲ့ ပတ်သက်လို့ သံဝေဂရစရာတစ်ခုက လူဝတ်ကြောင်တွေရဲ့ အရိုအသေပြုမှုကို ခံထိုက်တဲ့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးနဲ့ မပြည့်စုံတဲ့ သင်္ကန်းဝတ်ရဟန်းသံဃာတွေအတွက် ဘုရားရှင်က အခုလို အဆုံးအမတော်စကား မြွက်ကြားခဲ့တာရှိပါတယ်။

**… ခြေသလုံးနှစ်ဖက်တွင် ခိုင်ခံ့မာကျောသော သားရေကြိုးဖြင့် ရစ်ပတ်၍ ပွတ်ဆွဲခံရသဖြင့် အရိုးနှင့် ရိုးတွင်းချဉ်ဆီခိုက်အောင် အသားတွေပြတ်ကြေရသူ၏ ဒုက္ခထက် လူတို့ရှိခိုးခြင်းကြောင့် ဖြစ်ရသော သီလမရှိသူ၏ ဆင်းရဲက လွန်ကဲလှ၏။**

**လှံမကြီးဖြင့် ရင်ဝအထိုးခံရသူ၏ ဆင်းရဲထက် သီလမရှိဘဲ လူတို့ လက်အုပ်ချီ ရှိခိုးမှုခံရသော ရဟန်း၏ဒုက္ခက သာ၍ ပြင်းထန်လှ၏။**

**ရဲရဲပြောင်ပြောင် မီးလျှံစွဲ လောင်သော သံပြားကြီးကို ကိုယ်ဝယ် လွှမ်းခြုံရသူ၏ ဒုက္ခထက် ဒါယကာတို့လှူဒါန်းသော သင်္ကန်းကို ဝတ်ရုံခြင်းကြောင့်ဖြစ်သော သီလမရှိသော ရဟန်း၏ ဒုက္ခက ကြီးလေးလှဘိ၏။**

**ဗုဒ္ဓဘုရားရှင်ဟာ လူဝတ်ကြောင်တွေနဲ့ ချမ်းသာမကွဲ ဆင်းရဲအတူ(သဟသောကီ သဟနန္ဒီ) အရောတဝင် နေထိုင်တဲ့ ရဟန်းသံဃာတော်တွေကို အလိုရှိတော်မမူပါဘူး။ အခုခေတ်မှာ လူဝတ်ကြောင်တွေနဲ့အတူ နိုင်ငံရေးကိစ္စ၊ ဘောလုံးပွဲကိစ္စ၊ နှစ်လုံးထီ၊ သုံးလုံးထီကိစ္စ အစရှိတဲ့ အရေးအရာတွေမှာ တပူးတွဲတွဲလုပ်နေကြတဲ့ ရဟန်းသံဃာမျိုးတွေကို ကုလူပက လို့ ခေါ်ပါတယ်။ အရပ်စကားနဲ့ နားလည်အောင်ပြောရရင် အိမ်ကပ်ရဟန်း၊ လူစော်နံတဲ့ရဟန်းပေါ့ဗျာ၊**

**မီးလျှံရဲရဲ သံခဲကြီးတွေကို မျိုရသူ၏ဒုက္ခထက် ဒါယကာ ဒါယိကာမတို့လှူသော ဆွမ်းကိုစားခြင်းကြောင့်ဖြစ်ရမည့် သီလမရှိသော ရဟန်း၏ ဒုက္ခက သာလွန်ဆိုးရွားလှ၏။**

**မီးလျှံပြောင်ညီး သံအိုးကြီးထဲ၌ နေရသူ၏ဒုက္ခထက် ကျောင်း၌နေခြင်းကြောင့်ဖြစ်ရသော သီလမရှိသော ရဟန်း၏ ဒုက္ခက ကြီးလေးဆင်းရဲလှ၏။(ဝိသုဒ္ဓိ ၁၅၂)**

လက်ရှိ သံဃာငယ်အချို့ လမ်းပေါ်ထွက်လာအောင် လုပ်ဆောင်ခဲ့မှုအပိုင်းတွေကို ပြန်လေ့လာကြည့် **လိုက်ရင် သာသနာကိုအရောင်ဆိုးခဲ့သူ သီလခါးကျိုး အတုအယောင် ဓမ္မန္တရာယ်လက်သစ်တွေနဲ့ ကာလဝိပ္ပတ္တိ နိုင်ငံရေးအောက်လမ်းသမားတွေဟာ ပြည်တွင်းက သံဃာငယ်တွေကို သူတို့လိုချင်တဲ့ လမ်းကြောင်းပေါ် တက်လာစေရေးအတွက် ဝါဒဖြန့်နည်းလမ်း (Propaganda) ကိုမသုံးဘဲ စည်းရုံးလှုံ့ဆော်တဲ့နည်း (Agitation) ကို စနစ်တကျလုပ်ဆောင်ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။**

The kind relative method ဆိုတဲ့နည်းလမ်းအရ ပစ်မှတ်ပရိသတ် (Target audience) က ဦးဆောင်စည်းရုံးလှုံ့ဆော်သူတွေကို မေတ္တာရှင်၊ ကရုဏာရှင်၊ ကယ်တင်ရှင်တွေအဖြစ် ထင်လာမြင်လာလက်ခံလာအောင်၊ ပစ်မှတ်ပရိသတ်ရဲ့ အတွင်းစိတ်က အလိုလိုလက်ခံမိနေအောင်၊ မခံချိမခံသာ ထပ်ဆင့်ဖောက်ခွဲ လာနိုင်အောင် သတင်း(ဖြစ်စဉ်)တစ်ခုခုကို အမိအရဆုပ်ကိုင် လက်ဦးမှုယူကာ လိုတိုးပိုလျှော့ သာသာထိုးထိုး အတို့အထောင်တွေ ရောမွှေပုံသွင်းပြီး အသံပေးရေ့ထွင် ပြောခြင်းပဲဖြစ်ပါတယ်။ ဦးခေမာစာရတို့၊ ဦးဂမ္ဘီရတို့၊ ဦးဩဘာတို့ ဒီပုံစံအတိုင်းလုပ်သွားတာပါ။ သံဃာငယ်တွေကို နေပူမရှောင် မိုးရွာမရှောင် လမ်းပေါ်တွန်းပို့လိုက်ပေမယ့် ပြည်တွင်းတစ်နေရာမှာ ရှိနေပါတယ်ဆိုတဲ့ သံဃာ့တပ်ပေါင်းစုမှ ဦးဂမ္ဘီရတို့လို ကိုယ်တော်တွေက သူတို့ကိုယ်တိုင် လမ်းပေါ်မတက် လမ်းပေါ်မထွက်ခဲ့ပါဘူး။

နောက်တစ်ချက်အနေနဲ့က အမှောင့်လုပ်ငန်း (Subversion)ထဲက လုပ်နည်းလုပ်ဟန်တစ်ခုဖြစ်တဲ့ Barrage ဆိုတဲ့ လုပ်နည်းလုပ်ဟန်ကိုလည်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❍

**ဓမ္မန္တရာယ်နဲ့ ကာလဝိပ္ပတ္တိဆိုတဲ့ ပါဠိသက်ဝေါဟာရ တွေကို လူငယ်တွေနားလည်အောင် အကျဉ်းရှင်းပြပါမယ်။ ဓမ္မန္တရာယ်ဆိုတာ တရား၏ အနှောင့်အယှက်လို့ အဓိပ္ပာယ်ရပါတယ်။ ဓမ္မ=တရား၊ အန္တရာယ=အနှောင့်အယှက်လို့ ခွဲပြီး မှတ်နိုင်ပါတယ်။ တရား၏ အနှောင့်အယှက်ဖြစ်တဲ့အတွက် ဓမ္မန္တရာယ်ဆိုတာ သာသနာအတွက် အလွန်ကြီးမားတဲ့ အန္တရာယ်ကြီးပါ။ ကာလဝိပ္ပတ္တိဆိုတာကတော့ ကာလ=အချိန်အခါ၊ ဝိပ္ပတ္တိ=ပျက်စီးခြင်းဖြစ်တဲ့အတွက် မကောင်းသော ခေတ်ကာလ၊ ဆုတ်ကပ်ကာလ၊ ခေတ်ဆိုး ခေတ်ပျက်လို့ မှတ်ယူနိုင်ပါတယ်။**

❍ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ပြည်ပ အသံလွှင့်ဌာနတွေနဲ့ စနစ်တကျ ချိတ်ဆက်ပြီး ပီပီပြင်ပြင် လုပ်သွားတာတွေရှိနေကြောင်း လေ့လာတွေ့ရှိခဲ့ရပြန်ပါတယ်။ Barrage ဆိုတာက စစ်သုံးဝေါဟာရတစ်ခုပါ။ ကိုယ့်ရဲ့ အားနည်းတဲ့အပိုင်းကို ရန်သူရဲ့စစ်ဦး တိုးဝင်မလာနိုင်အောင် ပိတ်ဆို့ဟန့်တား လွှဲဖယ်တဲ့အနေနဲ့ ပစ်ကူပေးပြီး ကိုယ့်တပ်ဖွဲ့တွေကို ကာကွယ်တဲ့ သဘောပါ။

အမှောင့်လုပ်ငန်းမှာကျတော့ ပစ်မှတ်ပရိသတ်တွေရဲ့ စိတ်အာရုံတွေကို ကိုယ့်မိခင်နိုင်ငံ၊ ကိုယ့်အဖွဲ့အစည်းအတွက် ဦးစားပေးရမယ့် အတွေးအခေါ်တွေ ဝင်မသွားအောင် နောက်ကွယ်က ကြိုးကိုင်စေခိုင်းသူတွေရဲ့ လိုရာကို စိတ်ညွှတ်တိမ်းပါးယိမ်းယိုင်လာအောင်နဲ့ အဲဒီလို ဖန်တီးပုံဖော်လိုက်တဲ့ စိတ်အခြေအနေမှာ ပစ်မှတ်ပရိသတ်ရဲ့ စိတ်အာရုံတွေ တည်တံ့နေအောင် တကယ့်ဖြစ်ရပ်မှန် အခြေအနေတွေအပေါ် မသုံးသပ် မဆင်ခြင်နိုင်အောင် လမ်းလွှဲတာတို့၊ လှည့်ပတ်ပရိယာယ်ဆင်တာတို့၊ သတင်း(ဖြစ်စဉ်) အချက်အလက်တွေကို အမှားနဲ့အမှန် ရောထွေးချိန်ဆ ထုတ်လွှင့်တာတို့ကို ဆိုလိုပါတယ်။

သာသနာဖျက်တွေရဲ့ အဲဒီလုပ်ရပ်တွေ စွမ်းပုံများကတော့ သံဃာငယ်တွေခမျာ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဆိုတဲ့ သာသနာ သုံးရပ်အရေး အလေးမပေးနိုင်တော့ဘဲ အုပ်စုဖွဲ့ ဂိုဏ်းဂဏအတွေးအခေါ်တွေ လွှမ်းမိုးလာပြီး သာသနာနဲ့ မအပ်စပ်တဲ့ လုပ်ဆောင်ချက်တွေကို သာသနာဖျက်တွေ ခင်းကျင်းပေးတဲ့အတိုင်း လိုက်ပါဆောင်ရွက်တဲ့ အခြေအနေတစ်ရပ်အထိ ရောက်သွားခဲ့ပါတော့တယ်။ သာသနာတော်အတွက် ဝမ်းနည်းစရာ၊ ရတက်မအေးစရာတွေ ဖြစ်လာခဲ့ရတယ် မဟုတ်ဘူးလားဗျာ။ သက်ဆိုင်ရာ သံဃနာယက ဆရာတော်ကြီးတွေက ဓမ္မစက်နဲ့ တားမြစ်ထိန်းသိမ်းတာကိုတောင် လိုက်နာရကောင်းမှန်း မသိတော့တဲ့အပြင် လူထုတိုက်ပွဲပုံစံလမ်းကြောင်းနဲ့ ရင်ဆိုင်ဖီဆန်ဖို့အထိ အရှိန်မြှင့်တင်လာခဲ့တာကို တွေ့ခဲ့ရပါတယ်။ အဲဒီလုပ်ဆောင်ချက်တွေဟာ သာသနာတော်အတွက်သာမက အများပြည်သူတွေရဲ့ တည်ငြိမ်အေးချမ်းမှုအတွက်ပါ စိုးရိမ်စရာ အခြေအနေတွေ ဖြစ်လာခဲ့ပါတယ်။

လမ်းပေါ်တက် လမ်းပေါ်ထွက် စီတန်းလှည့်လည်ကြတဲ့ သံဃာငယ်တွေမှာ ဆူပူအုံကြွလိုမှု၊ ရန်းရင်းဆန်ခတ် ဖြစ်စေလိုမှုတွေ ကနဦးအစမှာ လုံးဝမရှိခဲ့ပါဘူး။ အရိပ်အယောင်လည်း မတွေ့ခဲ့ရပါဘူး။ အဲဒါကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူတွေအပိုင်းကလည်း ဘာဆိုဘာမှ ဟန့်တားပိတ်ဆို့တာမျိုး မလုပ်ခဲ့ပါဘူး။

တာဝန်ရှိသူတွေအပိုင်းက အခြေအနေအရပ်ရပ်အပေါ် ညင်ညင်သာသာ ပျော့ပျော့ပျောင်းပျောင်း ကိုင်တွယ်ထိန်းသိမ်းမှုအပေါ် တလွဲကောက်ချက်ဆွဲသွားကြတဲ့ နောက်ကွယ်က ကြိုးကိုင်စေခိုင်းသူတွေဟာ လူထုအောင်ပွဲက လက်တစ်ကမ်းမှာပဲ ရှိတော့တယ်ဆိုပြီး မီးကုန်ယမ်းကုန်လုပ်ဖို့ မီးပေါင်ကို အမြင့်ဆုံးတင်လာပါတော့တယ်။ အနောက်အုပ်စုက အခါတော်ပေး ဆရာကြီးတွေနဲ့ ပြည်ပြေးဂိုဏ်းသား အချို့ဟာ ပြည်တွင်းက ဖြစ်စဉ်တွေ၊ လှုပ်ရှားမှုတွေကို အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်ပြီး ဘာတွေဘယ်လို နှုတ်ကြောင်းပေးလာကြတယ် မှတ်လဲ။

**သံဃာတွေရဲ့ဦးစီးဦးဆောင်မှုနဲ့ လူထုအုံကြွမှုတိုက်ပွဲ လမ်းကြောင်းကို ပုံဖော်မယ်ဆိုတဲ့အတိုင်း NLDပါတီနဲ့ CRPPဂိုဏ်းသားတွေဟာ ဆိုင်းဘုတ်တွေကိုင်၊ အလံတွေထူပြီး သံဃာတွေကြားထဲ နေရာဝင်ယူလာခဲ့တယ်။ ကျောင်းသားယောင် ဆောင်ထားသူတွေကလည်း ခွပ်ဒေါင်းအလံတွေ တလူလူနဲ့ ခေါင်းထောင်လာကြတယ်။ ဆူပူမှုဖြစ်လာရင် အကြမ်းဖက်ပြီး လုကြယက်ကြမယ့် လူတွေကလည်း သံဃာငယ်တွေရဲ့စီတန်းလှည့်လည်မှုမှာ လုံးလားထွေးလားတွေနဲ့ ပါလာကုန်ပြီ။**

**သက်ဆိုင်ရာ တာဝန်ရှိသူတွေအပိုင်းကလည်း ဒီအခြေအနေတွေကို သိပါတယ်။ သိခဲ့လို့လည်း မလိုလားအပ်တဲ့ ပြဿနာတွေ မပေါ်လာအောင် အရေးယူဆောင်ရွက်မှုတွေ လုပ်ခဲ့တဲ့သဘောလို့ပဲ နားလည်ပါတယ်။ ရပ်ရွာအတွင်း တရားဥပဒေ အကာအကွယ်မရှိတော့ဘဲ အုပ်စုဖွဲ့ ရမ်းကားအနိုင်ကျင့်၊ မီးရှို့ခေါင်းဖြတ်သတ်မှုတွေ၊ အစုလိုက် အပြုံလိုက် စွဲချက်အမျိုးမျိုး အတင်ခံရပြီး လူမဆန်စွာ သတ်ဖြတ်မှုတွေရှိခဲ့တဲ့ ၁၉၈၈ က မင်းမဲ့စရိုက် အခြေအနေမျိုးကို ဘယ်ပြည်သူကမှ မလိုလားသလို မကြုံတွေ့ မရင်ဆိုင်လိုပါဘူး။**

အဲဒါကြောင့် ပကတိဖြစ်ရပ်ဖြစ်စဉ်တွေအပေါ် ပယောဂမပါတဲ့ အမြင်တွေနဲ့ အရှိကိုအရှိတိုင်း ရှုမြင်သုံးသပ်ပြီး တည်ငြိမ်အေးချမ်းမှု အခြေအနေကောင်းတွေ ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိအောင် တိုင်းပြည်ကိုရော သာသနာကိုပါ ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ ဓမ္မန္တရာယ် လက်သစ်တွေနဲ့ ကာလဝိပ္ပတ္တိ နိုင်ငံရေးအောက်လမ်းသမားတွေရဲ့ ကြံစည်လုပ်ဆောင်ချက်တွေကို ဝိုင်းဝန်းကာကွယ်ကြပါစို့။ ။

✻ စာမျက်နှာ ၃ မှ

(လမ်းမတော်)နှင့် ဗဟိုစည်အထူးကုဆေးခန်းတို့က ငွေကျပ် နှစ်သိန်းစီ၊ လမ်းမတော်မြို့နယ် ဌာနဆိုင်ရာများက ငွေကျပ် ၁၈၆၀၀၀၊ ညောင်ပင်လေးပလာဇာ (A)ဆောင် ပြည်သူများက ငွေကျပ် ၁၆၀၀၀၀၊ လမ်းမတော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် ၁၁၀၀၀၀၊ ညောင်ပင်လေးပလာဇာ (B)ဆောင်နေ ပြည်သူများက ငွေကျပ် ၁၀၆၆၀၀၊ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ)၊ သုဓမ္မမဏိဇောတဓရ ဦးအောင်မွန်–ဒေါ်လှလှမော် (မြင့်မြတ် ဆန်စပါးရောင်းဝယ်ရေး)၊ ဦးထွန်းမြင့်–ဒေါ်စန်းစန်းဦး (မဉ္ဇူထွန်းမြင့် ကုမ္ပဏီလီမိတက်) ဘုတ်ဆုံမငရုတ်သီးမှုန့်ရောင်းဝယ်ရေး၊ ဦးတင်ဦး–ဒေါ်လှမြင့် (ရွှေစင်ရတနာရွှေဆိုင်)၊ ဦးကြင်စိန်–ဒေါ်သန်းသန်းညွန့် မိသားစု၊ ဒေါက်တာစိုင်းစံထွန်း လွယ်ဟိန်းကုမ္ပဏီ၊ SEVEN GOLDEN LION Co., Ltd.၊ ရွှေသဇင်ကုမ္ပဏီတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေကျပ် စုစုပေါင်းမှာ ၇၅၀၁၇၀၀ ကျပ်ကိုလည်းကောင်း၊ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ပဋိယတ္တိ အလယ်တိုက်ကျောင်း ပြုပြင်မွမ်းမံထိန်းသိမ်းရန်အတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်က ငွေကျပ် ၁၀ သိန်း၊ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားနှင့် မိသားစုများက ငွေကျပ် နှစ်သိန်းစီ၊ ဦးဝင်းသိန်းမိသားစု၊ (ဖွံ့ဖြိုးအောင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)က ငွေကျပ် ငါးသိန်း၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးတင်ဝင်း–သီရိသုဓမ္မသီဂီ ဒေါ်စန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)၊ ဦးသိန်းမောင်–ဒေါ်ပါးပါး (စန္ဒီပါရဆေး)၊ သုဓမ္မမဏိဇောတဓရ ဦးအောင်မွန်–ဒေါ်လှလှမော် (မြင့်မြတ် ဆန်စပါးရောင်းဝယ်ရေး)နှင့် ဦးရဲအောင်–ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ် ကုမ္ပဏီလီမိတက်)တို့က ငွေကျပ် တစ်သိန်းစီ၊ လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဒေါ်လှလှ(လမ်းမတော်)တို့က ငွေကျပ် ငါးသောင်းစီ စုစုပေါင်း ငွေကျပ် ၂၂ သိန်းတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများ လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးဝင်းမောင်သိန်းက တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ ဘဒ္ဒန္တနန္ဒဓဇထံမှ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လမ်းမတော်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များသို့ ယနေ့ လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၁၇၉ အိတ် ၉ ပြည်၊ ဆီ ၄၄၄ ပိဿာ ၁၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၆၉၂ ပိဿာ၊ သွားတိုက်ဆားဘူး ၁၃၈ဘူး၊ ဆေးမျိုးစုံ ၁၉၂၅ဘူး၊ ပဲ ၁၃၈ ပိဿာ ၂၀ ကျပ်သား၊ ငရုတ်သီးမှုန့် ၄၅၀ ထုပ်နှင့် ဆွမ်းပဒေသာပင် အလှူငွေ စုစုပေါင်း ငွေကျပ် ၇၅၀၁၇၀၀ ဖြစ်သည်။

(သတင်းစဉ်)

# NLD ဌာနချုပ်သို့ စက်တင်ဘာလအတွင်း အမေရိကန်သံရုံးက (၁၂)ကြိမ် ဝင်ထွက်မှုရှိခဲ့

# NLD ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် အမြဲမပြတ် ဆက်သွယ်ပြီး ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၅**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဗဟိုသည် အမျိုးသားရေးကို ဦးထိပ်ပန်ဆင်၍ နိုင်ငံနှင့် လူမျိုးအကျိုးကို ဖော်ဆောင်ရမည့်အစား တစ်မျိုးသားလုံး နယ်ချဲ့ကျွန်ဘဝ၊ ကိုလိုနီနောက်မြီးဆွဲဘဝသို့ရောက်အောင် လုပ်ဆောင်နေခြင်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးအချို့မှ သံတမန်များ၊ သံရုံးဝန်ထမ်းများနှင့် မသင့်မလျော် ဆက်ဆံ၍ ပြည်ပနိုင်ငံကြီးအချို့၏ဩဇာကို နာခံလုပ်ဆောင်နေခြင်းတို့ကြောင့် တိုင်းရင်းသားပြည်သူများက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီအပေါ် အယုံအကြည်ကင်းမဲ့လျက်ရှိသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုကဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှုသတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးက ဧပြီလအတွင်း (၁၁)ကြိမ်၊ မေလအတွင်း (၂၁)ကြိမ်၊ ဇွန်လအတွင်း (၁၈)ကြိမ်၊ ဇူလိုင်လအတွင်း (၁၁)ကြိမ်၊ ဩဂုတ်လအတွင်း (၁၈)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း သတင်းများထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။

အလားတူ စက်တင်ဘာလအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့ အမေရိကန်သံရုံးက (၁၂)ကြိမ် လာရောက်၍ NLD, CEC အဖွဲ့ဝင် များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၆–၁၀–၂၀၀၇ (အင်္ဂါနေ့)**

| AM & PM | |
|---|---|
| ၇း၀၀–၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅–၁း၀၅ | “သစ္စာမသိလျှင် အပါယ်နှင့်နီးပုံ”တရားတော် (ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ) |
| ၇း၄၅–၁း၄၅ | သီးနှံစိုက်ပျိုးအထွက်တိုး ‘စပါးပန်းတိုင်အထွက်နှုန်း’ |
| ၇း၅၅–၁း၅၅ | တေးဂီတအစီအစဉ် |
| ၈း၀၀–၂း၀၀ | Sunday Talk |
| ၈း၅၅–၂း၅၅ | တေးဂီတအစီအစဉ် |
| ၉း၀၀–၃း၀၀ | စားမယ်သုံးမယ် ဝါးတူနဲ့ကွယ် |
| ၉း၁၀–၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀–၃း၂၀ | အသီးများရဲ့ ဒိုင်ယာရီ (အပိုင်း–၁) [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)] |
| ၉း၄၀–၃း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅–၃း၄၅ | နို့ထွက်ပစ္စည်းထုတ်ကုန်မြင့်မားဖို့ ကြိုးစားကြပါစို့ |
| ၁၀း၀၀–၄း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၅–၄း၀၅ | ဆွာချောင်းရေလှောင်တမံ |
| ၁၀း၁၅–၄း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀–၄း၂၀ | Yangon Panorama [ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) (၁၁)ကြိမ်မြောက် ဘွဲ့ယူ ပန်းချီပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတသဘင် စင်တင် တင်ဆက်ပွဲ] |
| ၁၀း၃၅–၄း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၀–၄း၄၀ | ငွေစင်ရဲ့တွန်းအား 925 Silver |
| ၁၁း၀၀–၅း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅–၅း၀၅ | လုံလုံလုံ (ဖိုးဉာဏ်၊ မေကဗျာ၊ ဖြိုးသီရိခေတ်) (ဒါရိုက်တာ မလိခစိုးထိုက်အောင်) |
| ၁၁း၁၀–၅း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၀–၅း၂၀ | မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ် |
| ၁၁း၃၀–၅း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၅–၅း၃၅ | Road to SEA Games WUSHU (ဝူရှူး) |
| ၁၂း၀၀–၆း၀၀ | တေးဂီတအစီအစဉ် |
| ၁၂း၀၅–၆း၀၅ | ပြည်ပဝင်ငွေတိုးစေဖို့ သားငါးကဏ္ဍ မြှင့်တင်စို့ |
| ၁၂း၁၅–၆း၁၅ | Music Gallery (ဆောင်းအမှတ်တရတေးများ) |
| ၁၂း၄၅–၆း၄၅ | သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ (ကွဲကောသီး) |
| ၁း၀၀–၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၆–၁၀–၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | ၁။ မြဝတီအဖွင့် |
| ၇း၀၅ | ၂။ အဖွင့်သီချင်း |
| ၇း၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄း၀၀ | ၁။ မြဝတီအဖွင့် |
| ၄း၀၅ | ၂။ အဖွင့်သီချင်း |
| ၄း၁၀ | ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄း၁၅ | ၄။ အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ် |
| ၄း၅၅ | ၆။ မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၇။ မြန်မာသံစဉ်ချိုနားဝင် |
| ၅း၁၅ | ၈။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ |
| ၅း၄၀ | ၉။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၃။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၆း၄၀ | ၁၄။ ဝတ်စားဆင်ယင်လှစေချင် |
| ၇း၀၀ | ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပုံရိပ်ပမာ” (အပိုင်း–၃၂)** |
| ၈း၀၀ | ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ မိုးလေဝသသတင်း |
| | ၁၈။ အမျိုးသားရေးတေးကဗျာ |
| | ၁၉။ မွေးမြူသုတ |
| | ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “သိုင်းလောကမုန်တိုင်း” ဒုတိယတွဲ (အပိုင်း–၄၂)** |
| | ၂၂။ သင့်အတွက်မနက်ဖြန် |
| | ၂၃။ အပိတ်နှုတ်ဆက်စကား |
| | ၂၄။ ပြီးပါပြီ။ |



နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး လင်းခေးမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်း သာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး လွိုင်ကော်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချကြစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ

## ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့၌ တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၁၅

**နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက် ဖျက်ဆီးသည်ဟု ခံယူသောကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၁၃ရက်နှင့် ၁၄ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ၎င်းတို့အား ဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။**

### လင်းခေး

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ လင်းခေးမြို့နယ်ရှိ ရပ်ကွက်ကျေးရွာများမှ ပြည်သူအင်အား ၁၃၀၀၀ခန့်တို့သည် အောက်တိုဘာ ၁၃ရက် နံနက် ၇နာရီတွင် လင်းခေးမြို့အတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး အေးချမ်းမှုကိုလိုလားသည်၊ တည်ငြိမ်မှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ သူ့ကျွန်မခံပါ၊ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒ ဒို့လက်မခံ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

### လွိုင်ကော်

ထို့အပြင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ လွိုင်ကော်မြို့မှ ပြည်သူအင်အား ၂၀၀၀၀ကျော်တို့သည် အောက်တိုဘာ ၁၄ရက် နံနက် ၇နာရီတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၊ ၎င်းမှနာရီစင်၊ မီးပွိုင့်လမ်းဆုံ၊ ၎င်းမှ ကန္ဒရဝတီလမ်းနှင့် ပဒေသာလမ်းဆုံ၊ ၎င်းမှ ကန္ဒရဝတီလမ်းနှင့် ဒေါနလမ်းဆုံ၊ ၎င်းမှ ဒေါနလမ်းနှင့် သီရိလမ်းဆုံ၊ ၎င်းမှ သီရိမင်္ဂလာဈေးရှေ့ လမ်းတစ်လျှောက် လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါး၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ဖွံ့ဖြိုးမှုကို မဖျက်ဆီးပါနဲ့၊ တည်ငြိမ်မှုကို လိုလားသည်၊ BBC လိမ်နေသည်၊ VOA ညာနေသည်၊ RFA ရန်တိုက်ပေးနေ သည်၊ အဖျက်သမား သတိထား၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ ကြသည်။

### ဒီးမော့ဆို

အလားတူ ကယားပြည်နယ် ဒီးမော့ဆိုမြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ဒီးမော့ဆိုမြို့မှ ပြည်သူအင်အား ၇၅၀၀ကျော်တို့သည် အောက်တိုဘာ ၁၄ရက် နံနက် ၇နာရီတွင်ဒီးမော့ဆိုမြို့ ငွေတောင်ကျေးရွာ၊ ၎င်းမှ မော်ချီးလမ်း၊ ၎င်းမှ ဒေါတမကြီးလမ်း၊ ၎င်းမှ မြို့မဈေးလမ်းတစ်လျှောက် လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါး၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ဆန့်ကျင်ဘက်၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကြိုဆိုသည်၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်၊ BBC , VOA, RFA အသံ ဒို့လက်မခံ၊ အမေကျော် ဒွေးဘော်မလွမ်းနဲ့၊ ဆရာဒကာသွေးစည်းမှု ဒို့ရေးရှု၊ ကျွန်ဖြစ်မည့်အကြံ ဒို့လက်မခံ၊ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ဖွံ့ဖြိုးမှုကိုမဖျက်ဆီးပါနဲ့ စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

### ဖရူဆို

ကယားပြည်နယ် ဖရူဆိုမြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ဖရူဆိုမြို့မှ ပြည်သူအင်အား ၅၀၀၀ကျော်တို့သည် အောက်တိုဘာ ၁၄ရက် နံနက် ၇နာရီတွင် ဖရူဆိုအထက်တန်းကျောင်း ၎င်းမှ ခွီးဒူလမ်း၊ ၎င်းမှ မော်ချီးလမ်း၊ ၎င်းမှ ဟိုယာလမ်းတစ်လျှောက် လှည့်လည်၍ ဒို့တာဝန် အရေးသုံးပါး၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်၍ BBC ညာနေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက်ပေးနေသည်၊ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကိုလိုလားသည်။ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ဖွံ့ဖြိုးမှုကိုမဖျက်ဆီးပါနဲ့၊ သူ့ကျွန်မခံပါ၊ နယ်ချဲ့အကြံ ဒို့လက်မခံ၊ အဖျက်သမားသတိထား၊ အမျိုးသားညီလာခံကိုထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်း သာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ဒီးမော့ဆိုမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချကြစဉ်။ (သတင်းစဉ်)




နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူ ထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ဖရူဆိုမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချကြစဉ်။ (သတင်းစဉ်)

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်–

(က) **၁–၁–၂၀၀၈** ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အရပ်အမြင့် အနည်းဆုံး ၅ ပေ ၃ လက်မရှိရမည်။

(ဃ) ကိုယ်အလေးချိန် ပေါင် ၁၀၀ထက် မနည်းရ၊ ပေါင်၁၄၀ထက် မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒ (သို့မဟုတ်) ရူပဗေဒ၊ ဓာတုဗေဒနှင့် ဘောဂဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် **၁–၁၁–၂၀၀၇** ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး **၁၅–၁၂–၂၀၀၇** ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ် ရဲတပ်ဖွဲ့/စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲတင်ပြရမည်။

၄။ သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်တို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း စစ်ဆေးမည်။ မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၆–၁၂–၂၀၀၇ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုကြရမည်–

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီအထိ။

(ခ) **သင်္ချာ** ။ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ။

၅။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၆။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၈–၁–၂၀၀၈ရက်နေ့မှ ၁၀–၁–၂၀၀၈ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အသေးစိတ်သိလိုသော အချက်များကို တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

၇။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် (၂၅၀၀၀ိ/–)၊ ဒုတိယနှစ် (၂၆၀၀၀ိ/–)၊ တတိယနှစ် (၂၇၀၀၀ိ/–)၊ စတုတ္ထနှစ် (၂၈၀၀၀ိ/–)ရရှိမည်။

၈။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်–

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc (Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm (Bachelor of Pharmacy)

(ဂ) ဆေးဘက်ပညာသည်ဘွဲ့ (ရောဂါရှာဖွေရေးပညာ) B.P.Sc (Med. Tech)
Bachelor of Paramedical Science (Medical Technology)

(ဃ) ဆေးဘက်ပညာသည်ဘွဲ့ (ဓာတ်မှန်ရိုက်ပညာ) B.P.Sc (Radiography)
Bachelor of Paramedical Science (Radiography)

(င) ဆေးဘက်ပညာသည်ဘွဲ့(ကာယကုသမှုပညာ) B.P.Sc (Physiotherapy)
Bachelor of Paramedical Science (Physiotherapy)

၉။ သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး (၁၀)နှစ် အမှုထမ်းဆောင်ရမည်။

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် ညနေ ၅ နာရီ မိနစ် ၃၀ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းမှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ**
**နေပြည်တော်တိုင်းစစ်ဌာနချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**တိုင်းမှူးနှင့်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ**
**တောင်ပိုင်းတိုင်းစစ်ဌာနချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ၁၂–၁၀–၂၀၀၇ ရက် ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**
**ပုသိမ်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ၁၂–၁၀–၂၀၀၇ ရက် (သောကြာနေ့)တွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဇနီးဒေါ်အေးအေးမိသားစု**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပညာရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**မွေးမြူရေးအစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌ၊ ဦးပေါက်ယုချုန်း**
**ရှမ်းမြောက်အထူးဒေသ(၂)အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် ညနေ ၅နာရီ မိနစ် ၃၀တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**ဦးကျော်မြင့်နှင့်ပန်ဆေးဒေသ**
**ပြည်သူ့စစ်မိသားစုဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းမှူးနှင့်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ**
**အနောက်တောင်တိုင်းစစ်ဌာနချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက်နေ့ ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တိုင်းမှူးနှင့်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ**
**တြိဂံဒေသတိုင်းစစ်ဌာနချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက်(သောကြာနေ့)ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်**
**ဖွံ့ဖြိုးရေးကောင်စီ**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် ညနေ ၅နာရီ မိနစ် ၃၀တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်**
**ဖွံ့ဖြိုးရေးအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက်နေ့ ညနေ ၅ နာရီ မိနစ် ၃၀ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**ကုန်းလမ်းပို့ဆောင်ရေး**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက်နေ့ ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးလဆန်အောင်ဝါအဖွဲ့၊ ကချင်ပြည်နယ်**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက်နေ့ ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌ၊ ဦးဇခုန်တိန့်ယိန်းနှင့်**
**ကချင်အထူးဒေသ(၁)၊ NDA(K) အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းမှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ**
**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက်နေ့ ညနေ ၅ နာရီ မိနစ် ၃၀ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းမှူးနှင့်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ**
**အနောက်မြောက်တိုင်းစစ်ဌာနချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက်နေ့ ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရှေ့နေချုပ်ဦးအေးမောင်နှင့် ဇနီး ဒေါ်ခင်မြမြမိသားစု**
**ရှေ့နေချုပ်ရုံးဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးတိုင်း**
**အမျိုးသမီးရေးရာအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး**
**ကြီးကြပ်ရေးအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု**
**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**
**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ရက်နေ့ ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါ ကြောင်း။

**ကချင်ပြည်နယ်**
**စစ်မှုထမ်းဟောင်းအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက်နေ့ ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါ ကြောင်း။

**ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇(သောကြာနေ့) ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံ တပ်မတော် ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိ ရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင် များအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ရက် (သောကြာ နေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ**
**လုပ်ငန်းရှင်များအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ရက်နေ့ ညနေ ၅နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံ တပ်မတော် ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် မိသားစုဝင်များနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်း ရပါသည်။ မြင့်မြတ်သောဘုံဘဝ သို့ ရောက်ရှိနိုင်ပါစေ။

**မြန်မာနိုင်ငံသူနာပြုနှင့်**
**သားဖွားအသင်း**

# ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချော သွေးထိုးသူ)များ မယုံလေနဲ့ သတိထား

## အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

☆ **အကြမ်းဖက်ဆူပူမှုကြောင့်–**

ကျောင်းသားကျောင်းသူများ စာသင်ပျက်သည်။

ဈေးသည်များ စီးပွားရေးထိခိုက်သည်။

လက်လုပ်လက်စားများ ဝင်ငွေလျော့သည်။

ခရီးသွားလုပ်ငန်းများ အကြီးအကျယ်ထိခိုက်သည်။

☆ **အကြမ်းဖက်ဆူပူမှုကြောင့်–**

ကိုလိုနီနယ်ချဲ့များသာ အကျိုးရှိသည်။

ပြည်တွင်းပြည်ပအဖျက်သမားများသာ ဒေါ်လာဆုကြေး တစ်ဖွေ့တစ်ပိုက်ရရှိသွားကြသည်။